ကြေးမုံ

The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်၊ သောကြာနေ့ (15-2-2013) (၇၃၉၇)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

ဆားဘီးယားသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၅

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျရောက်သော ဆားဘီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဆားဘီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ တော်မီစလပ် နီကိုလစ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ ခန့်အပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

(အမိန့်အမှတ်၊ ၇/၂၀၁၃)

၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်

(၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၆၊ ပုဒ်မခွဲ (ခ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၁၂)တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးမန်းမောင်မောင်ညဏ်

(၂) ဦးငွန်မောင်း

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

(အမိန့်အမှတ်၊ ၉/၂၀၁၃)

၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်

(၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်စိုးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၃ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသဖြင့် တိုင်းဒေသကြီးဝန်ကြီး ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီး ခန့်အပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

(အမိန့်အမှတ်၊ ၁၀/၂၀၁၃)

၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်

(၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (င)နှင့် ပုဒ်မခွဲ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က)တို့ပါ ပြဋ္ဌာန်းချက်များအရ ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်စောမူအား ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်က ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကို အမျိုးသားအဆင့်သတ်မှတ်ပြီး မူဝါဒများ၊ ရည်မှန်းချက်များ၊ လမ်းစဉ်များချမှတ်ကာ ဆောင်ရွက်ရန်လိုအပ်

ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမ နေ့ကို ယနေ့တွင် အစီအစဉ် (၇)ခုဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် သဘောတူညီထားသော နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်နှင့် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းတို့က ပြည်ထောင်စုလွှတ်တော်နာယက၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြသည်။

ဆက်လက်၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်း နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၁၄)ဦးတို့က ဆက်လက်ဆွေးနွေး ကြသည်။

ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနုက မိမိတို့နိုင်ငံ၏ ဒီမိုကရေစီပြုပြင် ပြောင်းလဲရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် တိုင်းရင်းသားများ သွေးစည်းညီညွတ်ရေးအတွက် စစ်မှန်သောငြိမ်းချမ်းရေးရရှိရန် အသက်တမျှ အလွန်အရေးကြီးသည်ဆိုသည့် အချက်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေး ထိရောက်စွာ ဖော်ဆောင်နိုင်ရန် ဘတ်ဂျက်လည်း လိုအပ်မည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စု၏ အသက်သွေးကြောကို ဖော်ဆောင်ရခြင်းဖြစ်သည့်အတွက် နိုင်ငံတော်က ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကို အမျိုးသားအဆင့် သတ်မှတ်ပြီး မူဝါဒများ၊ ရည်မှန်းချက်များ၊ လမ်းစဉ်များကိုချမှတ်ကာ ရေတို၊ ရေရှည်စီမံကိန်းဖြင့် ချမှတ်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ထို့ပြင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၏အမျိုးသားစီမံကိန်း(မူကြမ်း) နှင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာ နှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ပဉ္စမကာလတို(၅)နှစ် အမျိုးသားစီမံကိန်း (မူကြမ်း)ဆက်စပ်နေသည့်အတွက် ပဉ္စမကာလတို(၅)နှစ်စီမံကိန်း(မူကြမ်း)တွင် ဆွေးနွေးဖြည့်စွက်ခဲ့သည့်အချက်များကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၏ အမျိုးသား စီမံကိန်း(မူကြမ်း)တွင် ထပ်မံဖြည့်စွက်ပေးရန် တင်ပြအပ်ပါကြောင်း။

နယ်စပ်ဒေသများအား ပြည်မနှင့်တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်နယ်/တိုင်းဒေသများဖြစ်ကြသည့် **စာမျက်နှာ ၇ ကော်လံ ၁ သို့ ✱**

ကြေးမုံစာတည်းရှထောင့် ၁၅-၂-၂၀၁၃၊ သောကြာနေ့

မြန်မာ့ဈေးကွက်တိုးတက်ခြင်းနှင့်

ဂလိုဘယ်လ်လိုက်ဇေးရှင်းခေတ်ကြီးတွင် နည်းပညာများ တိုးတက်လာမှုနှင့်အတူ ယခင်က အကန့်အသတ်ဖြင့် လုပ်ကိုင်ရသော လုပ်ငန်းများ အပြိုင်အဆိုင် လုပ်ကိုင်လာကြသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုရေစီးကြောင်းသည် မြန်မာနိုင်ငံ၏ ထင်သာမြင်သာရှိသော တိုးတက်မှုများကြောင့် လိုက်ပါစီးဝင်လာသည်။

ယခင်က မြန်မာ့စီးပွားရေးဈေးကွက် ပမာဏမှာ သေးငယ်ခဲ့ပါသည်။ သေးငယ်သောဈေးကွက်ပမာဏနှင့် တွင်ကျယ်သောစီးပွားရေးဈေးကွက်ကြီးကို ထူထောင်နိုင်မည်မဟုတ်ချေ။ ထို့ကြောင့် ဈေးကွက်ပမာဏချဲ့ထွင်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကျယ်ပြန့်စွာဖြစ်ထွန်းဖို့ လိုအပ်လာပါသည်။

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်အမြောက်အမြားအနက် စီးပွားရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များတွင် အရေးပါအရာရောက်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဖိတ်ခေါ်လျက်ရှိပါသည်။ မြန်မာနိုင်ငံမှာ ရေခံမြေခံကောင်းခြင်း၊ သဘာဝအရင်းအမြစ်များ ပေါများကြွယ်ဝခြင်း၊ နိုင်ငံတကာဘဏ်များက မြန်မာနိုင်ငံအပေါ် ယုံကြည်မှုရှိလာသည့်အတွက် ဘဏ်များ ဖွင့်လှစ်ရန် စိုင်းပြင်းလာခြင်း စသည့် မြန်မာနိုင်ငံ၌ စီးပွားရေးတိုးတက်ကောင်းမွန်စေမည့် အလားအလာကောင်းများကို မြင်တွေ့ရပါသည်။

ထိုကဲ့သို့အလားအလာကောင်းများ ရှိနေရုံဖြင့် မြန်မာ့စီးပွားရေးသည် နေ့ချင်းညချင်း ရှင်သန်လာမည် မဟုတ်ချေ။ ထိုအခြေအနေမျိုးတွင် ကျွမ်းကျင်လုပ်သားများက ကုန်ပစ္စည်းအမယ်စုံကို ထုတ်လုပ်နိုင်သည့် အတတ်ပညာရှိအောင် ကြိုးပမ်းအားထုတ်ထားရမည်ဖြစ်သည်။

ထိုသို့ကြီးမားသော ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာခြင်းသည် နိုင်ငံ့စီးပွားရေး တိုးတက်လာသလို ကျွမ်းကျင်လုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးပွားစေပါသည်။ သို့သော် ရင်းနှီးမြှုပ်နှံမှုနှင့်အတူ ယှဉ်တွဲဖြစ်ပေါ်တတ်သော အကြောင်းကိစ္စရပ်များကိုလည်း သတိထားရမည် ဖြစ်သည်။

ဈေးကွက်သစ် ကြီးထွားလာခြင်းနှင့်အတူ မိမိတို့မည်မျှ ပေးဆပ်ရမည်ကိုလည်း သိရှိထားရန်လိုမည်ဖြစ်သည်။ ဝေးလံသောဒေသမှ လာရောက်ရင်းနှီးမြှုပ်နှံရာ၌ မြန်မာနိုင်ငံတွင် လုပ်အားခသက်သာခြင်းသည် အဓိကအကြောင်းအချက်တစ်ခုဖြစ်သည်။ လုပ်အားခနည်းလွန်းသည့် ရင်းနှီးမြှုပ်နှံမှုသည် အမြတ်ထုတ်ရုံသက်သက် ဖြစ်မည်။

အထူးသတိပြုစရာအဖြစ် မြန်မာနိုင်ငံမှ ရွှေ့ပြောင်းလုပ်သားများ အိမ်နီးချင်းနိုင်ငံများသို့ သန်းနှင့်ချီ၍ သွားရောက်လုပ်ကိုင်နေကြခြင်းမှာ မြန်မာနိုင်ငံရှိလုပ်အားခထက် ပိုများသဖြင့် ဒုက္ခဆင်းရဲခံကာ အလုပ်လုပ်ကိုင်နေကြခြင်းကို သတိပြုရမည်ဖြစ်မည်။

အခြားအချက်တစ်ချက်မှာ လူပြောများသည့် သဘာဝပတ်ဝန်းကျင်ကို မည်မျှ ရိုက်ခတ်သည်ဟူသည့်အချက်နှင့် အနာဂတ်မျိုးဆက်သစ်နောင်ရေးအတွက် မြေယာအသုံးချမှုတို့မှာလည်း သတိပြုသင့်သည့်အချက်များဖြစ်သည်။ ထိုနေရာတွင် နိုင်ငံသားစီးပွားရေးလုပ်ငန်းငယ်များအတွက်လည်း ထည့်သွင်းတွက်ဆထားသင့်သည်။

လူမျိုးပေါင်းစုံ၊ နိုင်ငံပေါင်းစုံ စီးပွားရေးလုပ်ငန်းကြီးများသည် နိုင်ငံအတွင်း ဝယ်သူအကြိုက်စိတ်ကြိုက်ဖန်တီးနိုင်သောအခါ ဈေးနှုန်းများ ကျရိုပ်ပြလာတတ်သည်။ ထိုအခါ လက်လီသမား အသေးစားစီးပွားရေးလုပ်ငန်းငယ်များမှာ ဈေးနှုန်းကို ထိန်းမထားနိုင်ဘဲ ဈေးကွက်မှထွက်သွားရတတ်သည်ကိုလည်း သတိပြုရမည်။

လက်ရှိတွင် နိုင်ငံတော်အစိုးရက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်လျက်ရှိသည့်နည်းတူ ရင်းနှီးမြှုပ်နှံမှု စည်းမျဉ်း၊ စည်းကမ်း၊ နည်းဥပဒေတို့ကို နိုင်ငံ၏ ပတ်ဝန်းကျင်နှင့် သင့်လျော်သော ဆောင်ရွက်ချက်ဖြစ်စေရန်အတွက် အသစ်ရေးဆွဲခြင်း၊ ပြုပြင်ပြောင်းလဲခြင်းများကို ဆောင်ရွက်ပေးနေခြင်းမှာ နိုင်ငံနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက်ဖြစ်ပါသည်။

အချို့အောင်မြင်မှုမရှိသော အစိုးရပိုင်လုပ်ငန်းများကိုပင် ပုဂ္ဂလိကပိုင်အဖြစ်သို့ လွှဲပြောင်းပေးလျက်ရှိခြင်း၊ အစိုးရနှင့် ပုဂ္ဂလိကအကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းတို့ဆောင်ရွက်ရာတွင် နိုင်ငံတကာ အတွေ့အကြုံနည်းပါးသေးသဖြင့် ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများပါအတိုင်း တိတိကျကျ လိုက်နာကျင့်သုံးဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံနှင့်လူမျိုးအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ချဲ့ထွင်ခြင်းသည် နိုင်ငံတိုးတက်ရေးအတွက် အရေးပါသော အချက်ဖြစ်သည့်အမြင် ရှေ့ရေးမျှော်တွေး၍ နိုင်ငံနှင့်လူမျိုးအကျိုးစီးပွားကို အကာအကွယ်ပေးနိုင်သော အချက်များအတိုင်း အလေးထား လုပ်ကိုင်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

မြန်မာနိုင်ငံ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များ စိတ်ဝင်စားလျက်ရှိ စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် နိုင်ငံတကာဘဏ်များ လာရောက်ဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ယခုအခါတွင် နိုင်ငံတော်အစိုးရမှ နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီလမ်းစဉ်ဖြောင့်ဖြူးရေးအတွက် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုများကို ကဏ္ဍပေါင်းစုံတွင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများအတွက် နိုင်ငံတော်အစိုးရမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်လျက်ရှိပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှု စည်းမျဉ်း၊ စည်းကမ်းများ၊ နည်းဥပဒေများကို နိုင်ငံ၏ ပတ်ဝန်းကျင်နှင့် သင့်တော်သော ဆောင်ရွက်ချက်များအတွက် အသစ်ရေးဆွဲခြင်း၊ ပြုပြင်ပြောင်းလဲခြင်းများ ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်း ပြည်ပစီးပွားရေးကူးသန်းရောင်းဝယ်မှုများအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အစိုးရအဖွဲ့အစည်း၊ အစိုးရပိုင်လုပ်ငန်းများတွင် Privatization နှင့် ပုဂ္ဂလိကကဏ္ဍ ပါဝင် ဆောင်ရွက်နိုင်ရေးအတွက် အားပေးထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်မှ ချမှတ်ထားသောမူဝါဒများအရ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ပို့ဆောင်ရေးကဏ္ဍများတွင် ပုဂ္ဂလိကအခန်းကဏ္ဍများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား ဖိတ်ခေါ်လျက်ရှိပါကြောင်း၊ ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျွမ်းကျင်ကောင်းမွန်သော ဝန်ဆောင်မှုများ ပေးနိုင်ခြင်းသည် နိုင်ငံ၏လူမှုရေးလိုအပ်ချက်များ၊ စီးပွားရေးကဏ္ဍချဲ့ထွင်ဆောင်ရွက်နိုင်ရေးအတွက် အရေးပါလှကြောင်း၊ ယခု Workshop မှ ပို့ဆောင်ရေးလုပ်ငန်းကဏ္ဍနှင့် ပတ်သက်၍ လိုအပ်သောနည်းစနစ်များအား ကဏ္ဍအလိုက် သိရှိနားလည်ရန် ဖြည့်ဆည်းပေးနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် **(အပေါ်ယာပုံ)**က ယမန်နေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ ကျင်းပသည့် ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် စင်ကာပူနိုင်ငံအခြေစိုက် Price Water House Coopers Myanmar Co., Ltd. တို့ ပူးပေါင်း၍ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း (SOE) များ Corporatization, Privatization, Public Private Partnership လုပ်ငန်းများအဖြစ် ပြောင်းလဲဆောင်ရွက်မှုနှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲတွင် ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အစိုးရပိုင်လုပ်ငန်းများအား ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲရာတွင် ပထမအဆင့်အနေဖြင့် ပုဂ္ဂလိကလုပ်ငန်းအား ကိုယ်ပိုင်စီမံခွင့်ပေးခြင်း၊ အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ခြင်း စသည်ဖြင့် နည်းလမ်းအမျိုးမျိုးရှိပြီး နောက်ဆုံးအနေဖြင့် ရာခိုင်နှုန်းအပြည့် ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းရှိသည်ကို အခြေခံအားဖြင့် နားလည်ထားပါကြောင်း၊ အစိုးရနှင့် ပုဂ္ဂလိကစနစ်တကျ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ပါက အများပြည်သူ၊ အစိုးရ၊ ပုဂ္ဂလိကတို့အတွက် အကျိုးရှိမည်ဖြစ်ပြီး စွမ်းရည်မြင့် ဝန်ဆောင်မှုများကို ရရှိမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွက်လည်း ငွေကြေးဝန်ထုပ်ဝန်ပိုးများ လျော့နည်းသွားမည်ဖြစ်ကြောင်း၊ နိုင်ငံပိုင်လုပ်ငန်းများအား ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲနိုင်ရေးအတွက် ဆောင်ရွက်သည်မှာ ယခုမှစတင်သည့်အတွက် အတွေ့အကြုံအနေဖြင့် နည်းပါးလှသောကြောင့် Price Water House Cooper, Co., Ltd. မှ အတွေ့အကြုံများသည့် ပို့ဆောင်ရေးဝန်ကြီးဌာနမှ လုပ်ငန်းများကို ပုဂ္ဂလိကပိုင်ပြုလုပ်ရာတွင် အထောက်အကူများစွာ ဖြစ်စေမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် Assurance and Advisory Services (Price Water House Co., Ltd. Myanmar) မန်နေဂျင်းဒါရိုက်တာ Mr. Ong Chao Choonm က နိုင်ငံများစွာ၌ အစိုးရလုပ်ငန်းများကို ပုဂ္ဂလိကပိုင်ပြုလုပ်ရာတွင် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည့် အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ Assurance and Advisory Services (PWC Co., Ltd. Myanmar) မှ Associate Director Mr. Rosemary ONG က မြန်မာနိုင်ငံ၌ အရှိန်အဟုန်ပြင်းစွာဖြင့် စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးတံခါးပွင့်လာသည်ကို တွေ့မြင်ရပါကြောင်း၊ မြန်မာနိုင်ငံ၌ ကောင်းမွန်သော အခြေခံကောင်းများရှိသည့်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များ စိတ်ဝင်စားလျက်ရှိပြီး နိုင်ငံ၌ သဘာဝအရင်းအမြစ်များ ရှိပါကြောင်း၊ သို့ဖြစ်၍ မြန်မာနိုင်ငံ၌ စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် နိုင်ငံတကာဘဏ်များက ယုံကြည်မှုရှိသည့်အတွက် လာရောက်ဖွင့်လှစ်လျက်ရှိသည်ကို တွေ့မြင်ရပါကြောင်းနှင့် ပုဂ္ဂလိကကဏ္ဍ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာအတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပညာရှင်များက ပြန်လည်ဖြေကြားခဲ့ကြသည်။

(သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

သုတဘဏ်စာတမ်းဖတ်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူးကျင်းပသည့် သုတဘဏ်စာတမ်းဖတ်ပွဲကို အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း စာပေဗိမာန်(ဒုတိယထပ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၌ ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

စာတမ်းဖတ်ပွဲတွင် ဒေါက်တာချစ်စံ(ချစ်စံဝင်း)က လူ့ဘဝတန်ဖိုးထားမှုစရိုက်နှင့် လောကီမင်္ဂလာ ၁၂ ခန်း စာတမ်းနှင့် ဒေါက်တာငြိမ်းငြိမ်းကမင်းသုဝဏ်၏ကဗျာများကို ဘာသာဗေဒနည်းဖြင့် လေ့လာခြင်းစာတမ်းတို့အား ဖတ်ကြားမည်ဖြစ်ပြီး အဆိုပါစာတမ်းဖတ်ပွဲသို့ စိတ်ပါဝင်စားသူမည်သူမဆို အခမဲ့တက်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော JOB seekers ဂျာနယ်၏ ဓာနယ်ဇင်းဆိုင်ဆက်ပွဲအခမ်းအနား၌ ဝိုင်းဝန်းကူညီပေးခဲ့သော AA Medical Products Ltd နှင့် KTK Engineering Group တို့အားလည်းကောင်း။
အခမ်းအနားသို့ကြွရောက်ချီးမြှင့်ပေးခဲ့သော ဂျာနယ်ဇင်းမီဒီယာအသိုင်းအဝိုင်းမှ မိတ်ဆွေများ၊ ကုမ္ပဏီလုပ်ငန်းများ၊
ပြည်တွင်းပြည်ပအလုပ်အကိုင်အေဂျင်စီများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် JOB seekers စာဖတ်ပရိသတ်အပေါင်းတို့အားလည်းကောင်း၊
အထူးသင်ကျေးဇူးတင်ရှိပါသည်။
သင်အလုပ်ရှာဖွေနေပါသလား
ဒါမှမဟုတ်
သင့်လုပ်ငန်းအတွက် ဝန်ထမ်းကောင်းများရရှိလိုပါသလား
အလုပ်အကိုင်ရှာဖွေရာ JOB seekers ဂျာနယ်ရှိပါတယ်။

ပြည်တွင်းရေးရာ

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌအား မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းအား မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ လွှတ်တော်ကော်မတီအဆောင် အမှတ်(၂၀)၌ လာရောက်တွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော် ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဇော်မြင့်ဖေ၊ ဦးစံထွန်း၊ ဒေါက်တာအေးမောင်၊ ဦးအောင်ငြိမ်း၊ ဒေါ်နန်းနီနီအေး၊ ဗိုလ်မှူးကြီးမောင်မောင်ထူးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာ၌ လွှတ်တော်အတွင်း၌ ဒီမိုကရေစီစနစ်ဖော်ဆောင်နေမှု၊ လူ့အခွင့်အရေးဆိုင်ရာများ ဆောင်ရွက်နေမှု၊ လွှတ်တော်အတွင်း တပ်မတော်သားကိုယ်စားလှယ်များ လွှတ်တော်ကိုယ်စားလှယ်များ အဖြစ်ပါဝင်ပြီး လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ မေးမြန်းသည်များကို ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဥက္ကဋ္ဌများက ပြန်လည် ရှင်းလင်းဖြေကြားခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဆားဘီးယားနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၅

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျရောက်သော ဆားဘီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဆားဘီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အီဗန်မာကစ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်တင်အား ကျူးဘားသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်တင်အား ၎င်း၏လက်ရှိ တာဝန်ဝတ္တရားများအပြင် ကျူးဘားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ရုပ်မြင်သံကြား ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရန် ဖိတ်ခေါ်ခြင်း

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကျင်းပပုံကို တိုက်ရိုက်ထုတ်လွှင့်ခြင်းအတွက် လည်းကောင်း၊ IBC (International Broadcasting Centre) ဆိုင်ရာ လုပ်ငန်းကိစ္စအဝဝ ဆောင်ရွက်ရန်အတွက်လည်းကောင်း၊ အားကစားနည်း (၇) မျိုးအတွက် တိုက်ရိုက်ထုတ်လွှင့်ပြသမှုဆောင်ရွက်ရန်အတွက်လည်းကောင်း ရုပ်မြင်သံကြားဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလိုသည့် ပြည်တွင်း၊ ပြည်ပမှ ကုမ္ပဏီများအနေဖြင့် အဆိုပြုလွှာများကို ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (တပ်ကုန်း) သို့ ၂၈-၂-၂၀၁၃ ရက်နေ့နောက်ဆုံးထား၍ ပေးပို့နိုင်ပါကြောင်းနှင့် လူကိုယ်တိုင်လာရောက် ဆက်သွယ်ရှင်းပြရမည့် နေ့ရက်ကို ထပ်မံသတ်မှတ်ပြန်ကြားသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် အမရပူရမြို့နယ်မှ ရက်ကန်းလုပ်ငန်းရှင်များတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

သမဝါယမ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် တိုင်းဒေသကြီးစီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံ၊ အမရပူရမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းထွန်းဦး၊ သမဝါယမဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆောင်းဒါး ရက်ကန်းကျောင်း၌ ရက်ကန်းလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ အမရပူရမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ရက်ကန်းလုပ်ငန်းရှင်များ အသင်းနာယက၊ ဥက္ကဋ္ဌ၊ နှင်းဝတ်မှုန်၊ အင်ကြင်းချယ်နှင့် မြခွာညို ချည်ထည်ပိုးထည်လုပ်ငန်းတို့၏ လုပ်ငန်းရှင်များကမြို့နယ်ထွက် အဝတ်အထည်များ ဈေးကွက်ကျယ်ပြန့်စွာရရှိရေး၊ ကုန်ကြမ်းများ ရရှိနိုင်ရေး၊ နည်းပညာတိုးတက်ရေးနှင့် အရင်းအနှီးချေးငွေရရှိရေးတို့အတွက် ဆွေးနွေးတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် သမဝါယမဝန်ကြီးဌာနတို့က ပေါင်းစပ်ကူညီဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ပြန်လည်ရှင်းလင်းပြောကြားသည်။

ထို့နောက် ရက်ကန်းလုပ်ငန်းရှင်များနှင့် လုပ်သားများလိုအပ်သော အရင်းအနှီးချေးငွေရရှိရေးအတွက် ဝိုင်းကြီးချုပ်နှင့် သမဝါယမအသင်းများဖွဲ့စည်းပြီးပါက အရင်းအနှီးချေးငွေထုတ်ပေးနိုင်ရေး၊ ကုန်ကြမ်းများပစ္စည်းမှန်၊ ဈေးမှန်ဝယ်ယူရရှိရေး၊ ကုန်ချောများ တစ်နိုင်ငံလုံးဈေးကွက်ကျယ်ပြန့်ရေးနှင့် ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနယ်စပ်သို့ ထိုးဖောက်နိုင်ရေးတို့အတွက် သမဝါယမအသင်းများ၊ သမဝါယမဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန၊ သမဝါယမ ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနတို့နှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင် လုပ်ငန်းရှင်များလိုအပ်သော အထည်ဒီဇိုင်းပညာသင်တန်းကို ယခုဖေဖော်ဝါရီလအတွင်း စတင်ဖွင့်လှစ်ပေးရန် စီစဉ်ပေးခဲ့ပြီး ရက်ကန်းကျွမ်းကျင်နှင့် စက်ပြင်၊ စက်မောင်းကျွမ်းကျင်သင်တန်းများ တိုးချဲ့ဖွင့်လှစ်ရေး၊ လုပ်ငန်းရှင်များ ဘက်မှလည်း ကျွမ်းကျင်လုပ်သားရရှိရေး၊ ရင်းနှီးမြှုပ်နှံမှုမူအရ လုပ်ငန်းခွင်ရှိ အလုပ်သမားသင်တန်းများ တက်ရောက်ရေးတို့ကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် အမရပူရမြို့နယ် ဆောင်းဒါး ရက်ကန်းကျောင်းမှ ဝန်ထမ်းများနှင့် တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ရက်ကန်းလုပ်ငန်းရှင်များက လိုအပ်နေသော အထည်ဒီဇိုင်းသင်တန်း၊ ရက်ကန်းကျွမ်းကျင်နှင့် စက်ပြင်/စက်မောင်းကျွမ်းကျင်သင်တန်းများကို လိုအပ်ချက်နှင့်ညှိနှိုင်း၍ ဆက်တိုက်ဖွင့်လှစ်ပေးရေး၊ ဆောင်းဒါးရက်ကန်းကျောင်း ပြတိုက်ကိုလည်း ပိုမိုပြည့်စုံ ဆွဲဆောင်မှုရှိအောင်ပြင်ဆင်ရေး၊ ရက်ကန်းလုပ်ငန်းစဉ်(Process) ပြသမှုကို ပီပြင်အောင် တွဲဖက်ပြသရေး၊ တစ်နိုင်ငံလုံးမှ ထုတ်လုပ်နေသော ရက်ကန်းထည်များ (ဥပမာ- အင်းလေးထည်၊ အင်းမထည်၊ ယောထည် စသည်များ)ပြည့်စုံအောင် ပြသနိုင်ရေး၊ အခြားသမဝါယမအသင်းများက ထုတ်လုပ်သော ပုသိမ်ထီး၊ သင်ဖျာ စသည့်ထုတ်ကုန်များပါ ပူးတွဲပြသနိုင်ရေးတို့ အတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဆောင်းဒါးရက်ကန်းကျောင်း၏ လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုပြီး **(ဝဲပုံ)**အမရပူရမြို့နယ် သမဝါယမအသင်းစု၏ နန်းသိင်္ဂီရက်ကန်းစက်ရုံသို့ သွားရောက်ကြည့်ရှုအားပေးကာ ကုန်ကြမ်းရရှိရေး၊ ရင်းနှီးငွေရရှိရေး၊ ကုန်ချောဈေးကွက် ကျယ်ပြန့်ရေး ကိစ္စများကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်ပြည်တစ်ခွင် သာစေချင် မီးတွင် မပေါ်နှင့်

ပါလက်စတိုင်းတို့အား အကူအညီပေးရေး အရှေ့အာရှ အလှူရှင်နိုင်ငံများ ဆွေးနွေး

တိုကျို ဖေဖော်ဝါရီ ၁၄

နိုင်ငံထူထောင်နိုင်ရေးအတွက် မိမိတို့ကြိုးပမ်းအားထုတ်နေချိန်တွင် အရှေ့အာရှဒေသရှိ အလှူရှင်နိုင်ငံများက နေ့ဥစ္စာအရလည်းကောင်း၊ အတွေ့အကြုံဗဟုသုတအရလည်းကောင်း အားပေးကူညီကြရန် ပါလက်စတိုင်းဝန်ကြီးချုပ် ဆာလမ်ဖေယက်ဒ်က ဖေဖော်ဝါရီ ၁၄ရက်တွင် တိုက်တွန်းလိုက်သည်။

ပါလက်စတိုင်းတို့အား အကူအညီပေးရေးအတွက် မြို့တော်တိုကျို၌ ညီလာခံကျင်းပစဉ်။

ဂျပန်နိုင်ငံ မြို့တော်တိုကျို၌ ကျင်းပသော ပါလက်စတိုင်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အရှေ့အာရှနိုင်ငံများ၏ ညီလာခံတစ်ရပ်တွင် ပါလက်စတိုင်းဝန်ကြီးချုပ်က ယင်းသို့ တိုက်တွန်းခြင်းဖြစ်သည်။

ပါလက်စတိုင်းဖွံ့ဖြိုးရေးအတွက် အရှေ့အာရှနိုင်ငံများအတွင်း ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် အဆိုပါ ညီလာခံကို ဂျပန်နိုင်ငံနှင့် ပါလက်စတိုင်းအာဏာပိုင်အဖွဲ့တို့ ပူးတွဲကမကထပြု၍ ကျင်းပခြင်းဖြစ်သည်။

ပါလက်စတိုင်းလူမျိုးများအား ထောက်ပံ့မှုပေးရန် အရှေ့အာရှနိုင်ငံများမှ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်။

အဆိုပါညီလာခံသို့ ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်း၊ စင်ကာပူ၊ တောင်ကိုရီးယား၊ ဗီယက်နမ်၊ ကုလသမဂ္ဂ၊ ကမ္ဘာ့ဘဏ်၊ ကုလသမဂ္ဂကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး အေဂျင်စီ၊ အစ္စလာမ့်ဖွံ့ဖြိုးရေးဘဏ် နှင့် အာရပ်အဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိများ တက်ရောက်ကြသည်။

အဆိုပါညီလာခံသို့ တရုတ်နိုင်ငံကို ဖိတ်ကြားခြင်း မရှိကြောင်း ဂျပန်သံတမန်များက ပြောကြားသည်။

ရိုက်တာ။

ပါကစ္စတန်အနောက်မြောက်ပိုင်းတွင် ဗုံးပေါက်ကွဲ လေးဦးသေဆုံး၊ ကိုးဦးဒဏ်ရာရ

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၁၄

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်းရှိ မျိုးနွယ်စုများ နေထိုင်ရာ အော်ရာဇိုင်းဒေသတွင် ဖေဖော်ဝါရီ ၁၄ရက်က မြေမြှုပ်ဗုံးတစ်လုံးပေါက်ကွဲကြောင်း၊ လူလေးဦးထက် မနည်းသေဆုံး၍ ကိုးဦးဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနက ဖော်ပြသည်။

အော်ရာဇိုင်းဒေသ ဟက်ဘန်ဇိုရောဒေသတွင် ဝက်ဂွန်အမျိုးအစား ခရီးသည်တင်ကား လမ်းဘေးတွင် ထောင်ထားသော ဗုံးတစ်လုံးပေါက်ကွဲထိမှန်ရာ ကားလုံးဝ ပျက်စီးသွားကြောင်း၊ လူသုံးဦး သေဆုံးကာ ၁၀ဦး ဒဏ်ရာရရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ဒဏ်ရာရရှိသွားသူများအား အနီးအနားရှိဆေးရုံသို့ ဒေသခံပြည်သူများနှင့် ကယ်ဆယ်ရေးလုပ်သားများက ပို့ဆောင်စဉ် တစ်ဦးမှာ ရရှိသောဒဏ်ရာဖြင့်သေဆုံးကြောင်း၊ ယင်းနေရာတစ်ဝိုက်ကို လုံခြုံရေးတပ်ဖွဲ့များ ရောက်ရှိလာပြီး ရှာဖွေမှုများပြုလုပ်ကြောင်း သတင်းတွင် ရေးသားဖော်ပြသည်။

ယင်းတိုက်ခိုက်မှုသည် မည်သည့်စစ်သွေးကြွအုပ်စု၏ လက်ချက်ဖြစ်သည်ကို မသိရသေးဟုဆိုသည်။

ပါကစ္စတန်အနောက်မြောက်ပိုင်းရှိ ဘန်နုခရိုင်မှ ရဲတပ်ဖွဲ့စခန်းအတွင်းသို့ အသေခံတိုက်ခိုက်ရေးသမား ခြောက်ဦး ဝင်ရောက်ပစ်ခတ်ရာ ပါကစ္စတန် ရဲတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ သေဆုံးခဲ့ရသည်။

ဆင်ဟွာ။

ကော်ဘရာဂိုးလ်စစ်ရေးလေ့ကျင့်မှုတွင် အာရှနိုင်ငံများ ပူးပေါင်းပါဝင်လာ

ဗန်ကောက် ဖေဖော်ဝါရီ ၁၄

အာရှနှင့် ပစိဖိတ်ဒေသ၌ ပြုလုပ်သည့် စစ်ရေးလေ့ကျင့်မှုများအနက် အကြီးအကျယ်ဆုံး စစ်ရေးလေ့ကျင့်မှုဖြစ်သော ကော်ဘရာဂိုးလ်အမည်ရှိ စစ်ရေးလေ့ကျင့်မှုကို ထိုင်းနိုင်ငံတွင် ဆက်လက်ပြုလုပ်လျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဖေဖော်ဝါရီ ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ကော်ဘရာဂိုးလ်စစ်ရေးလေ့ကျင့်မှု စတင်သည့်အထိမ်းအမှတ်အခမ်းအနား ကျင်းပစဉ်။

နိုင်ငံပေါင်းစုံပါဝင်ပြီး သက်တမ်းအရင့်ဆုံး စစ်ရေးလေ့ကျင့်မှုဖြစ်သော ကော်ဘရာဂိုးလ်စစ်ရေးလေ့ကျင့်မှုကို အမေရိကန်နှင့် ထိုင်းနိုင်ငံတို့က လွန်ခဲ့သောနှစ်ပေါင်း ၃၀ကျော်မှစ၍ နှစ်စဉ်ပြုလုပ်လာခဲ့သည်။

ယခုစစ်ရေးလေ့ကျင့်မှုတွင် ဒေသတွင်းမှ မိတ်ဖက်နိုင်ငံများဖြစ်သော ဂျပန်၊ တောင်ကိုရီးယား၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့ ပူးပေါင်းပါဝင်လာခဲ့သည်။

စစ်အေးကာလအတွင်း ကော်ဘရာဂိုးလ်စစ်ရေးလေ့ကျင့်မှုသည် ကွန်မြူနစ်ဆန့်ကျင်ရေးတပ်ဦးပုံစံဖြစ်ခဲ့သော်လည်း စစ်အေးခေတ်လွန်ကာလတွင် ကော်ဘရာဂိုးလ်စစ်ရေးလေ့ကျင့်မှုသည် တည်ငြိမ်မှုထိန်းသိမ်းရေးအတွက် ယုံကြည်မှု အပြန်အလှန်တည်ဆောက်ရေးကို ရည်ရွယ်ကြောင်း ချူလာလောင်ကွန်းတက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံပညာရှင်တစ်ဦးက ပြောကြားသည်။

ကော်ဘရာဂိုးလ်စစ်ရေးလေ့ကျင့်မှုကို ၁၉၈၂ခုနှစ်ကတည်းက အမေရိကန်ပြည်ထောင်စု၏ မဟာမိတ်နိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံက လက်ခံကျင်းပလာခဲ့ကြောင်း၊ သို့ရာတွင် အာဖဂန်နစ္စတန်နှင့် အီရတ်စစ်ပွဲများဖြစ်ပွားခဲ့ခြင်းကြောင့် အာရှပစိဖိတ်ဒေသသည် အမေရိကန်ပြည်ထောင်စု၏ အာရုံစူးစိုက်မှု လျော့ပါးခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ရိုက်တာ။

ဂျပန်၌ အမြန်ရထားနှင့် ထရပ်ကားတိုက်မိ

တိုကျို ဖေဖော်ဝါရီ ၁၄

ဂျပန်နိုင်ငံ တာကာဆာကိုမြို့ရှိ အာရိုင်းဘူတာရုံအနီး၌ ဖေဖော်ဝါရီ ၁၃ ရက်က ရထားလမ်းနှင့် ကားလမ်းဆုံရာ နေရာတစ်နေရာတွင် အမြန်ရထားတစ်စင်းနှင့် ထရပ်ကား တစ်စီးတို့ တိုက်မိရာ ၁၆ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ရကြောင်း ဟိုင်ယိုဂိုပြည်နယ် ရဲတပ်ဖွဲ့က ပြောကြားသည်။

ထရပ်ကားယာဉ်မောင်းနှင့် ရထားစက်ခေါင်းမောင်းတို့အပါအဝင် ၁၆ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း၊ ထရပ်ကားယာဉ်မောင်းမှာ ဒဏ်ရာပြင်းထန်သော်လည်း အသက်ဘေးအန္တရာယ်မရှိကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ရထားပေါ်တွင် ခရီးသည် ၇၀ ခန့် လိုက်ပါလာခဲ့သည်။ တွဲခြောက်တွဲပါရထား၏ ပထမမြောက်နှင့် ဒုတိယမြောက်ရထားတွဲများ သံလမ်းပေါ်မှ ချော်ကျခဲ့ပြီး ကိုက် ၂၀၀ ခန့်မျှ လွင့်စဉ်ကျရောက်ခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ရိုက်တာ။

ဖတ်ဖွယ်အဖုံဖုံ နိုင်ငံတကာသတင်းအစုံစုံ

အားသွင်းရန် အချိန် ၁၀ မိနစ်သာလိုသည့် ဘက်ထရီသစ်

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်မှ သုတေသီများသည် စွမ်းအင်ကို ကြာရှည်စွာ သိုမှီးထိန်းသိမ်းနိုင်ပြီး အားဖြည့်သွင်းခြင်းကိုလည်း အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာလုပ်ဆောင်နိုင်သည့် လစ်သီယမ်ဘက်ထရီသစ်တစ်မျိုးကို တီထွင်ထုတ်လုပ်နိုင်ခဲ့ကြသည်။ အဆိုပါဘက်ထရီသစ်တွင် ယခင်အသုံးပြုခဲ့သည့် လစ်သီယမ်ဘက်ထရီ အဖိုငုတ်၏နေရာတွင် နာနို(Nano)နည်းပညာသုံး ဆီလီကွန်များဖြင့် အစားထိုးသုံးစွဲထားကြောင်း၊ စွမ်းအင်ကို သုံးဆခန့် ပိုမိုသိုမှီးနိုင်စွမ်းရှိ၍ ဖြစ်ကြောင်း၊ ထို့ပြင် ပြန်လည်အားသွင်းမှု လုပ်ဆောင်ရန် အချိန် ၁၀ မိနစ်သာ လိုအပ်ကြောင်း ယင်းဘက်ထရီကို ထုတ်လုပ်ခဲ့သည့် ကယ်လီဖိုးနီးယားတောင်ပိုင်းတက္ကသိုလ်မှ သုတေသီများက ဆိုသည်။ ယင်းဘက်ထရီများကို ဆဲလ်ဖုန်းများအတွက် ရည်ရွယ်ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး ဘက်ထရီကားများအတွက်မူ လာမည့်နှစ်နှစ်၊ သုံးနှစ်အတွင်း ထုတ်လုပ်ဖြန့်ချိသွားရန်ရည်ရွယ်ထားကြောင်း သိရသည်။

သက်တမ်း (၆၂)နှစ်အရွယ်ငှက် နောက်တစ်ကြိမ်သားပေါက်

သက်တမ်း (၆၂)နှစ်ရှိပြီဟု ယူဆရသော ကမ္ဘာ့သက်တမ်းအရှည်ကြာဆုံးငှက်မတစ်ကောင်သည် ဖေဖော်ဝါရီ ၁၂ ရက်က မစ်ဒ်ဝေးကျွန်းစုတွင် သားပေါက်တစ်ကောင်ကို အောင်အောင်မြင်မြင်မွေးဖွားနိုင်ခဲ့ကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့ကြသည်။ သိပ္ပံအခေါ်အဝေါ် (Layson) အမည်ရှိ သမုဒ္ဒရာနေပင်လယ်စင်ရော်ငှက် မျိုးစိတ်တစ်မျိုးမှ ပေါက်ဖွားပြီး ယနေ့ကာလအခေါ် ဝစ်ဒမ်းဟုအမည်တွင်သည့် အဆိုပါငှက်ကို ၁၉၅၆ ခုနှစ်တွင် သူမ၏သက်တမ်း ငါးနှစ်အရွယ် ပထမဆုံးဥကို ဥနေချိန်တွင် စတင်တွေ့ရှိခဲ့ကြောင်း၊ ယင်းနောက် အဆိုပါငှက်သည် အပြည်ပြည်ဆိုင်ရာသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးသမဂ္ဂအဖွဲ့က သမုဒ္ဒရာနေ ပင်လယ်စင်ရော်မျိုးစိတ် ၂၁ မျိုးစာရင်း နံပါတ် ၁၉ နေရာတွင် နေရာပေးသတ်မှတ်ခဲ့သည်။ ဝစ်ဒမ်းသည် သူမ၏သက်တမ်းတစ်လျှောက်တွင် သားပေါက်မှုအကြိမ် ၃၀ မှ ၃၅ ကြိမ်အတွင်း လုပ်ဆောင်ခဲ့ကြောင်းလည်း သိရသည်။

ရုရှားကျောက်တူးဖော်ရေးလုပ်ငန်းမှ ၁၄၅ ဒသမ ၄၄ ကာရက်ရှိ စိန် ရောင်းမည်

ရုရှားကျောက်မျက်ရတနာတူးဖော်ရေး ကုမ္ပဏီတစ်ခုသည် ရာကူတီယာခရိုင် ယူဘရီယာနာဒေသ ကျောက်မျက်လုပ်ကွက်တစ်ခုအတွင်းမှ အဝါရောင်နှင့် အပြာရောင်ရောစပ်ဖွဲ့စည်းထားသည့် အရောင်အသွေးရှိ စိန်တစ်လုံးကိုတွေ့ရှိခဲ့ပြီး အလေးချိန်အားဖြင့် ၁၄၅ ဒသမ ၄၄ ကာရက်ရှိကြောင်း မော်စကိုသတင်းဌာနတစ်ခုက ဖေဖော်ဝါရီ ၁၂ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။ ယင်းကုမ္ပဏီ၏အမည်မှာ အယ်လ်ရိုဆာဖြစ်ပြီး ၂၀၁၂ ခုနှစ် အောက်တိုဘာလအတွင်းကလည်း ၈၈၈ ဒသမ ၁၅ ကာရက်အလေးချိန်ရှိ ထူးခြားစိန်တစ်ပွင့်ကို အဆိုပါကုမ္ပဏီလုပ်ကွက်အတွင်းမှာပင် ရှာဖွေတူးဖော်တွေ့ရှိခဲ့သေးသည်။ ယခုတွေ့ရှိသည့်စိန်ကို အမေရိကန်ဒေါ်လာ တစ်သန်းဖြင့် ရောင်းချနိုင်လိမ့်မည်ဟု အယ်လ်ရိုဆာကုမ္ပဏီက မျှော်လင့်ထားကြောင်း ရုရှားသတင်းဌာန၏ အဆိုအရသိရသည်။

ဟိန်းထက်လင်း စုစည်းသည်

မိုးညှင်းခရိုင်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကချင်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်းသည် ဖေဖော်ဝါရီ ၁၀ရက် ညနေပိုင်းတွင် မိုးညှင်းမြို့ဒီဂရီကောလိပ် ကျောင်းဆောင်သစ်ဆောက်လုပ်ရေး ဒီပရာဇာကုမ္ပဏီရှင်းလင်းဆောင်သို့ ရောက်ရှိပြီး တာဝန်ရှိသူများအား အဆောက်အအုံများကို စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း အပြီးဆောင်ရွက်သွားရန်မှာကြားကာ ဒီပရာဇာကုမ္ပဏီ၏ နှစ်ထပ်ကျောင်းဆောင်နှင့် မနောဧရာကုမ္ပဏီ၏ သုံးထပ်ကျောင်းဆောင်ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍စိမ်းရတနာမွန်ရပ်ကွက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများအားတွေ့ဆုံပြီး အရှေ့စုရပ်ကွက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း (၁)ထပ်ကျောင်းဆောင်ဆောက်လုပ်နေမှုနှင့် အောင်သပြေရပ်ကွက် စည်ပင်သာယာအမှတ်(၂)အောင်သပြေဈေးဆိုင်ခန်းများ ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂိုးလပ်ဘောလုံးပြိုင်ပွဲ ပခုက္ကူ၌ ကျင်းပ

ပခုက္ကူ ဖေဖော်ဝါရီ ၁၄

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ခရိုင်အုပ်ချုပ်ရေးမှူးဖလား(ဂိုးလပ်)ဘောလုံးပြိုင်ပွဲနှင့် ဆုပေးပွဲကို ဇန်နဝါရီ ၁၂ ရက် ညနေ ၄ နာရီခွဲက ခရိုင်အားကစားပြိုင်ကွင်း၌ ကျင်းပသည်။

ပြိုင်ပွဲ၌ TU-Mech အသင်းနှင့် အမှတ်(၇)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ TU-Mech အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲကျင်းပရေးဥက္ကဋ္ဌ ဦးမြင့်အောင်က လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းစိုးက လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦး၊ ဦးအောင်ကျော်ဦး (စက်မှုရုံး)က လည်း ကောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီးဇော်ဝင်းနှင့် ခရိုင်စာရင်းစစ် ဒေါ်မြင့်မြင့်ဌေးတို့က ဆုများအသီးသီးချီးမြှင့်ကြပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်းက ပထမ တံခွန်စိုက်ဆုရ ဖလားကို ပထမဆုရ TU-Mech အသင်းအား ချီးမြှင့်ကြောင်း သိရသည်။**(ဝဲပုံ)**

(၆၉၆)

ရုပ်ရှင် The Guillotines ဇာတ်ကားရုံတင်

Guillotines ဇာတ်ကားတွင် မန်ချူးရီးယန်း အုပ်ချုပ်သော Qing မင်းဆက်အချိန်တွင် ဘုရင် Yong Zheng သည် သူ့ကိုဆန့်ကျင်သော သူများအား လက်စတုံးရန် ဖွဲ့စည်းထားသည့် လျှို့ဝှက်လူသတ်သမားအဖွဲ့ဖြစ်သော Guillotines အဖွဲ့ တစ်ဖွဲ့ရှိပြီး ဘုရင်ကြီး၏ ကြီးမားသော ထောက်ပံ့မှုများဖြင့် အနောက်တိုင်းမှ နည်းဗျူဟာများနှင့် အကြံဉာဏ်များကို သုံး၍ Guillotines အဖွဲ့၏အကူအညီဖြင့် လူဆိုးများ နေထိုင်ရာနေရာများကို သိမ်းပိုက်ရန် ကြိုးပမ်းခဲ့သည်။

လန်ခေါင်းဆောင်သော ထိပ်တန်း Guillotines အဖွဲ့တွင် မူ၊ဆန်၊ တိုင်ဟူတူနှင့် ဘူကဆိုသော လူငယ်သူရဲကောင်း ငါးဦးပါဝင်ပြီး စစ်ဆင်ရေး ၃၄၈ ခုတွင် သူတို့၏ ပစ်မှတ်များကို အပြီးတိုင်ချေမှုန်းနိုင်ခဲ့သည်။ ထိုအောင်နိုင်မှုများက သူတို့ကို မောက်မာပြီး အားရကျေနပ်စေသည်။

သူတို့၏ နောက်ထပ်စစ်ဆင်ရေးတစ်ခုက ဝံပုလွေနှင့် သိုးဂိုဏ်းတို့ကို ဖြိုခွင်းရန်ဖြစ်သည်။ သူတို့အဖွဲ့သည် ဝံပုလွေကို လက်ရဖမ်းဆီးနိုင်ခဲ့ပြီး သတ်ခါနီးတွင် လန်ခေါင်းဆောင်မှ အရှင်ဖမ်းရန် အမိန့်ပေးခဲ့သည်။ လန်၏ လျှို့ဝှက်အကြံ အစည်က ဝံပုလွေကို အသုံးချပြီး သူ၏အင်အားကို တိုးပွားအောင် ပြုလုပ်ရန်ဖြစ်သည်။ ဝံပုလွေ၏ ဂိုဏ်းသားများက Guillotines အဖွဲ့များ တွေဝေနေစဉ်တွင် ဝံပုလွေကိုကယ်၍ မူကို ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ရာ လန်၏အဖွဲ့များသည် ဝံပုလွေ၏အဖွဲ့များကို ဝေးလံခေါင်သီသောရွာတွင် ခြေရာခံမိသွားသည်။

Yong Zheng ဘုရင်သည် သူယုံကြည်ရဆုံး ဒူကို လွှတ်၍ တူညီသော စစ်ဆင်ရေးအပြင် Guillotines အဖွဲ့များကို လက်စသိမ်း၍ ခေတ်မီလက်နက်များဖြင့် အစားထိုးရန် ပြုလုပ်ခဲ့သည်။ ၎င်းတို့အဖွဲ့သည် အမှားပြုလုပ်မိလျှင် တစ်ဖွဲ့လုံးကို လိုက်၍ အသတ်ခံရနိုင်သောကြောင့် လန်၏အဖွဲ့များသည် နှစ်ဖက်ရန်သူများနှင့် ရင်ဆိုင်တိုက်ခိုက်ပုံကို ရိုက်ကူးထားသော The Guillotines ဇာတ်ကားကို ဖေဖော်ဝါရီ ၁၅ ရက်တွင် ရန်ကုန်မြို့ မင်္ဂလာ(၁)ရုံတွင် ပြသမည်ဖြစ်သည်။

Jackie Chan ကိုယ်တိုင် ဒါရိုက်တာအဖြစ် ဆောင်ရွက်ပြီး ၎င်းကိုယ်တိုင် သရုပ်ဆောင်အဖြစ် ပါဝင်ထားသော CZ-12 ဇာတ်ကားကို ရန်ကုန်မြို့ ရွှေဆောင်ရုံနှင့် မန္တလေးမြို့ မြို့မရုံတို့တွင် ယခုအပတ်သောကြာနေ့တွင် ကြည့်ရှုနိုင်ကြောင်း ရုပ်ရှင်ကြည့်ပရိသတ်များအတွက် ရေးသားတင်ပြလိုက်ရပါသည်။ ။

စိုးငယ်

ကိုယ်ပိုင်အထက်တန်းကျောင်း- မှတ်ပုံတင်အမှတ် -ကက-၁၃/၄၁/၀၀၁
ဒီ ပညာ့ရိပ်သာ
iCEC
IDEAL CLASS EDUCATION CENTRE

ကျောင်းအပ်လက်ခံနေပါပြီ။
■ ခြံအမှတ် (၈၁၃)
ဗဟိုလမ်းနှင့်ရွာမကျောင်းလမ်းထောင့် (လှိုင်)
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
01- 536349, 09-73249755, 09-5196433
ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် အဆင့်မြင့်ပညာရေးဘော်ဒါ
သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ
■ A-5 ၊ ဓမ္မဌာနမွန်အိမ်ရာ၊ သမိန်ဗရမ်းလမ်း၊
နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
09-73162577 , 09-5155830
တာမွေမှာဖွင့်ပြီ
HOT LINE : 0 9 73166911
▶ Grade (11) တက္ကသိုလ်ဝင်တန်းအား (မတ်လ-၁၄) ရက်နေ့ဖွင့်မည်။
▶ KG မှ Grade (10) ထိ (ဧပြယ်လ-၂၅)ရက်နေ့ဖွင့်မည်။

ခိုင်မာသည့်လယ်ယာမြေ လုပ်ပိုင်ခွင့်အခွင့်အရေးများ အပြည့်အဝရရှိခံစားနိုင်ဖို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် လျှောက်ကြစို့

တောင်ထန်းသား

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တောင်သူလယ်သမားများ လက်ရှိလုပ်ကိုင်နေသည့် လယ်ယာမြေကို ဥပဒေနှင့်အညီ လုပ်ကိုင်ခွင့်ပြုလက်မှတ်ရရှိရန် လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်လွှာ (ပုံစံ-၁)ကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် ရယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် လျှောက်နေကြသည်ဟု သိရှိရသည်။ ကျန်သည့်တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတွင်လည်း ရန်ကုန်တိုင်းဒေသကြီးနည်းတူ ဆောင်ရွက်နေကြပြီဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်မှ ၂၀၁၂ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၁၁)ဖြင့် လယ်ယာမြေဥပဒေကို ပြဋ္ဌာန်းခဲ့သည်။

အဆိုပါဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လယ်ယာမြေဥပဒေပုဒ်မ ၄၂၊ ပုဒ်မခွဲ(က)အရအပ်နှင်းသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လယ်ယာမြေနည်းဥပဒေများကို အမိန့်ကြော်ငြာစာ အမှတ် (၂/၂၀၁၂)ဖြင့် ထုတ်ပြန်ခဲ့သည်။

ထိုပြဋ္ဌာန်းခဲ့သော လယ်ယာမြေဥပဒေ၊ ထုတ်ပြန်ခဲ့သော လယ်ယာမြေနည်းဥပဒေများနှင့်အညီ ယခုဆိုလျှင် တောင်သူလယ်သမားများ လယ်ယာမြေကို သားစဉ်မြေးဆက် အဆက်ဆက်တိုင်အောင် အာမခံချက်ရှိရှိ ခိုင်မာစွာဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိကြတော့မည်ဖြစ်သည်။

လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူအနေဖြင့် လယ်ယာမြေဥပဒေ အခန်း(၃)၊ ပုဒ်မ(၉) ပုဒ်မခွဲ(က)မှ (စ)အထိ ပြဋ္ဌာန်းထားသည့် အခွင့်အရေးများကို ရရှိမည်ဖြစ်သည်။ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် အောက်ပါအခွင့်အရေးများကို ရရှိစေရမည်-

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားခွင့်၊
(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊
(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာ တရားရုံး၏ အဆုံးအဖြတ် ခံယူနိုင်ခွင့်၊
(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊
(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်သမဝါယမအသင်း၏ ရင်းနှီးမြှုပ်နှံမှုနှင့် လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ပိုင်ခွင့်၊
(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

ထိုအချက်များသည် လယ်ယာမြေဥပဒေအရ ခိုင်မာသည့် လယ်ယာမြေလုပ်ပိုင်ခွင့် အခွင့်အရေးများဖြစ်သည်။ ရှေးခေတ်အဆက်ဆက်တစ်ကြိမ်တစ်ခါမှ မရရှိခဲ့သည့် အခွင့်အရေးများဖြစ်နေ၍ လက်ရှိလယ်ယာမြေကို အသုံးပြုခွင့်ရရှိထားသော တောင်သူများအတွက် တန်ဖိုးမဖြတ်နိုင်သည့် မဟာအခွင့်အရေးများဟုပင်ဆိုနိုင်သည်။

သို့သော် လယ်ယာမြေဥပဒေအရ ခိုင်မာသည့် လယ်ယာမြေလုပ်ပိုင်ခွင့်အခွင့်အရေးများအပြည့်အဝရရှိခံစားနိုင်ရန် တောင်သူလယ်သမားများအနေဖြင့် ပထမဦးဆုံး မိမိတို့လက်ရှိ အသုံးပြုခွင့်ရရှိနေသည့် လယ်ယာမြေများကို ဥပဒေနှင့်အညီ လုပ်ပိုင်ခွင့်ပြု လက်မှတ်ရရှိရေး လျှောက်ကြရမည်ဖြစ်သည်။

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ရရှိပြီးမှသာလျှင် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ တောင်သူလယ်သမားများအနေဖြင့် လယ်ယာမြေဥပဒေ၊ ဥပဒေပုဒ်မ (၉)ပါ အခွင့်အရေးများကို ခံစားခွင့်ရရှိမည်ဖြစ်သည်။ လယ်ယာမြေဥပဒေ၊ ဥပဒေပုဒ်မ(၁၃)အရ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှု အရှုပ်အရှင်းဖြစ်လာလျှင် တရားဝင်ဖြေရှင်းဆောင်ရွက်ခွင့် ရရှိမည်။ ဥပဒေပုဒ်မ ၂၆ အရ နစ်နာကြေးနှင့် လျော်ကြေးများခံစားရရှိနိုင်မည်။ ထို့အပြင် ဥပဒေပုဒ်မ ၂၈ အရ မူလစိုက်ပျိုးလျက်ရှိသည့် သီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ပြောင်းလဲစိုက်ပျိုးခွင့်ပြုရန် လျှောက်ထားခြင်း၊ ဥပဒေပုဒ်မ ၃၀ အရ အများပြည်သူအကျိုးငှာ လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန် လျှောက်ထားခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထို့ကြောင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ရရှိရန် လယ်ယာမြေကို လက်ရှိအသုံးပြုခွင့်ရရှိထားသော တောင်သူလယ်သမားများ၊ အဖွဲ့အစည်းများသည် လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်လွှာ(ပုံစံ-၁)ကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် အခမဲ့ရယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနသို့ လျှောက်ထားကြရမည်။ တောင်သူလယ်သမားသည် လယ်ယာမြေနည်းပဒေများ အခန်း(၂)၊ နည်းဥပဒေ(၃) နှင့်အညီ လျှောက်ထားရမည်ဖြစ်၍ အဖွဲ့အစည်းသည် နည်းဥပဒေ(၄)နှင့်အညီ လျှောက်ထားရမည် ဖြစ်သည်။

ယခုအချိန်တွင် တောင်သူလယ်သမားစုသည် လက်ရှိလုပ်ကိုင် အသုံးပြုခွင့်ရရှိထားသည့် လယ်ယာမြေများကို ဥပဒေနှင့်အညီ လုပ်ကိုင်ခွင့်ပြုလက်မှတ်ရရှိရေး လျှောက်လွှာတင်လျှောက်ထားခြင်းလုပ်ငန်း လုပ်ဆောင်နေပြီဖြစ်သည်ကို တွေ့နေရသည်။ လျှောက်ထားပြီးသူများလည်းရှိသည်။ လျှောက်ရန်ကျန်နေသူများလည်း ရှိနေသည်။ ယနေ့တွင်လျှောက်ကြသလို မနက်ဖြန်တွင်လည်း ဆက်လက်လျှောက်ကြဦးမည်။ သတ်မှတ်ထားသည့် နေ့ရက်အတွင်း တောင်သူလယ်သမားများ အားလုံး လျှောက်ကြမည်မှာ ကျိန်းသေပေါက်သေချာနေသည်။ အမှန်တကယ်လည်း လျှောက်ထားသင့်သည်။ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် လက်ဝယ်ပိုင်ဆိုင်ထားရှိသင့်သည့် အချိန်ရောက်နေပြီ ဖြစ်သည်။ သို့မှသာ လယ်ယာမြေဥပဒေအရ ခိုင်မာသည့် လယ်ယာမြေလုပ်ပိုင်ခွင့် အခွင့်အရေးများ အပြည့်အဝရရှိခံစားနိုင်မည် မဟုတ်ပါလား။

ထို့ကြောင့် "ခိုင်မာသည့် လယ်ယာမြေလုပ်ပိုင်ခွင့် အခွင့်အရေးများ အပြည့်အဝရရှိ ခံစားနိုင်ဖို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်လျှောက်ကြပါစို့" ဟု တောင်သူလယ်သမားထုတစ်ရပ်လုံးအား တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်

UNIQUE STAR Travels & Tours . . .

အမေရိကား ခရီးစဉ် (20Days/19Nights) April 9~28 (6,000,000)
(San Francisco, Los Angeles, Las Vegas, New York, Washington, Harrisburg, Corning, Niagara Fall) + Honolulu

ဥရောပ (၉)နိုင်ငံ + အင်္ဂလန် ခရီးစဉ် April 9~22/9~24, 11~24/11~26 (4,500,000)
(France, Italy, Switzerland, Germany, Netherland, Belgium, Austria, Liechtenstein, Vatican) + United Kingdom

ဩစတြေးလျ ခရီးစဉ် (Sydney, Blue Mountain, Mount Buller, Melbourne, Canberra) April 10~18 (3,400,000)

[illegible]	Every (Sat)	(550,000)	[illegible]	Apr 12,13	(1,700,000)
[illegible]	Apr 11, 12	(800,000)	[illegible]	Apr 10,11	(1,400,000)
[illegible]	Apr 10,12,13	(1,200,000)	[illegible]	Apr 10,11,12,13	(1,300,000)
[illegible]	Apr 11, 13	(1,700,000)	[illegible] All TG	Apr 10,13	(2,000,000)
[illegible]	Apr 10,12	(1,700,000)	[illegible] All TG	Apr 9,10,13	(2,800,000)

[S]. Asia Plaza. 391372, 391373, 708353, 705723, 09 514 8079. / 70/A. Kabaraye Pagoda Rd. Bahan. 09 7310 9133-44-55-66.

၁၅-၂-၂၀၁၃ နေ့မှစ၍
ရန်ကုန် - သမ္မတ - ၂၄၆၉၆၂၊ သွင် - ၃၇၂၅၉၄၊ Junction (Square) - ၅၂၇၀၅၅၊
Junction (မော်တင်) - ၂၂၅၂၄၄၊ နဝဒေး - ၆၆၄၈၀၀ လိုင်း‌ခွဲ (၀၀၃)
မန္တလေး - ဝင်းလိုက် - ၀၂ ၃၉၀၂၈၊ တပြိုင်တည်းပြမည်

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၅-၂-၂၀၁၃(သောကြာနေ့)

၇း၀၃ တရားတော်
၇း၄၅ သာယာသီကြွေး ခေတ်ဆန်းတေး
၈း၁၀ ဇာတ်လမ်းတို
၄း၂၇ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၁၀ လည်မယ်. . . စားမယ် ကမ္ဘာတစ်ခွင်ဝယ်
၆း၁၅ "ရွာ" ဟာသဇာတ်လမ်းတွဲ အပိုင်း(၁၈၆)
-အလကားပြောတာ (ကျော်ဇေသော်၊ငွေမိုး၊မင်းခိုင်၊ ရွှန်းလဲ့နေခြည်နှင့် သရုပ်ဆောင်များ)
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-တိမ်လွှာထက်ကဖန်ရဲတိုက် (အပိုင်း-၂၆)
-သံစဉ်များနှင့်ကမ္ဘာ
-ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပြည်သူ့တရားရှင်ပေါင်ချိန်" (အပိုင်း-၁၀)
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဂုဏ်ရည်မတူ" အပိုင်း (၆၈)

သထုံမရန်းပေါ်ချိန် အမြတ်နည်းသော်လည်း တောင်သူများမရှုံးကြ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းတွင် မရန်းပေါ်ချိန်ဖြစ်ပြီး ယခုနှစ်တွင် အမြတ်နည်းသော်လည်း မရှုံးကြကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

"မရန်းက နှစ်ခါပေါ်တာ။ ယခုတစ်ခါပြီးသွားပြီ၊ နောက်တစ်ခါပေါ်ဖို့ အပင်မှာ အပွင့်တွေပွင့်နေတယ်၊ နတ်တော်၊ ပြာသိုမှပွင့်ပြီး တပို့တွဲမှာပေါ်တယ်၊ အထွက်စောတဲ့အပင်တွေကျတော့ တပေါင်း၊ တန်ခူးလောက်မှာ ထပ်ပြီးပေါ်တယ်"ဟု မရန်းထွက်ရှိမှုနှင့်ပတ်သက်၍ တံတားဦး(ငုတ္တို)ကျေးရွာမှ ဒေါ်ရွှေလုံးက ဆိုသည်။

ယခုနှစ်မရန်းရာသီတွင် ပေါ်ဦးပေါ်ဖျားဖြစ်သော်လည်း ဈေးကောင်းရရှိမှု မရှိခြင်းကြောင့် အမြတ်နည်းသော်လည်း ရှုံးသည့်အနေထားမျိုး မရှိသည့်အတွက် ဈေးကွက်အခြေအနေကို ခြုံကြည့်ပါက အနေအထားကောင်းသည်ဟု ပြောနိုင်ကြောင်း မရန်းခြံပိုင်ရှင်တစ်ဦးဖြစ်သူ ဒေါ်တင်တင်ရီက ပြောပြသည်။

အချို့သောခြံများတွင် မရန်းပင်များတွင် အသီးသီးရန် အပွင့်များပွင့်နေပြီး အပွင့်ပွင့် နေခြင်းများသည် ယခင်ကထက် များခြင်းကြောင့် အသီးထွက်ရှိမှု ကောင်းမည်ဟု အကြမ်းဖျင်းခန့်မှန်းနိုင်သော်လည်း လက်တွေ့တွင် ဖြစ်လာမည့် အသီးထွက်အားပေါ် စောင့်ကြည့်နေကြသည်။ သထုံဒေသအတွင်းတွင် ဝယ်လက်များက မရန်းပင်တစ်ပင်လျှင် အသီးထွက်ရှိမှုအပေါ် မူတည်၍ ငွေကျပ် ၅၀၀၀ မှ ငွေကျပ်၁၀၀၀၀ ကြားဖြင့် ပုတ်ပြတ်လိုက်ဝယ်နေကြကြောင်း သိရသည်။

ထက်ခိုင် (စမ်းချောင်း)

လွှတ်တော်ရေးရာကဏ္ဍ

✻ နိုင်ငံတော်မှ
ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ရှမ်း၊ မွန်၊ ကိုးကန့်၊ "ဝ"၊ နာဂ၊ ပအိုဝ်း၊ ပလောင် စသည်တို့တွင် ထောက်ပံ့ငွေကြေးသုံးစွဲသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ပြင် ယခင်က နယ်မြေမအေးချမ်းသည်ကိုအကြောင်းပြု၍ ဖွံ့ဖြိုးရေးလုပ်ငန်းတို့ကို ထိရောက်စွာမပြုလုပ်ပေးနိုင်ခဲ့သည့်ဒေသများကို ဦးစားပေး၍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများနှင့်

ရှမ်းပြည်နယ် ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု ဆွေးနွေးစဉ်။
(သတင်းစဉ်)

ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သင့်ပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကဏ္ဍ၏လုပ်ငန်းစဉ်တွင် နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများကို တိုင်းရင်းသားလုပ်ငန်းရှင်များ ကျယ်ပြန့်စွာနှင့် လွယ်ကူစွာပါဝင်လုပ်ကိုင်နိုင်ခွင့်ရှိရေး၊ တရားမဝင်ကုန်သွယ်မှုလျော့နည်းကျဆင်းရေးအတွက် ပုဂ္ဂိုလ်တစ်ဦးချင်းအား တစ်ဦးတည်းပိုင်လုပ်ငန်းများ မှတ်ပုံတင်စေ၍ နယ်စပ်ကုန်သွယ်မှုလုပ်ကိုင်ခွင့်ရရှိအောင် ဆောင်ရွက်ပေးမည်ဆိုသည့်လုပ်ငန်းစဉ်ကို မိမိအနေဖြင့် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိန်းခင်းပေါင်က အမျိုးသားစီမံကိန်းကဏ္ဍများသည် စီမံကိန်းလျာထားချက်၊ ထောက်ခံချက်နှင့် ဘတ်ဂျက်ရေးဆွဲ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ကလည်း လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူလူထု၏ ပွင့်လင်းမြင်သာမှုရှိသော ဆောင်ရွက်မှုများဖြစ်ရန် လိုအပ်ပါကြောင်း၊ ပြည်တွင်း/ပြည်ပ အထောက်အပံ့ငွေများဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းဒေသများကို တိကျစွာထည့်သွင်းဖော်ပြပေးသင့်ပါကြောင်း၊ တွန်းဇံမြို့နယ်အတွင်းသို့ ဘိန်းအစားထိုးသီးနှံပင်ဖြစ်သော ပိုးစာပင်စိုက်ပျိုးခြင်း၊ ပိုးအိမ်ထုတ်လုပ်ခြင်း၊ မွေးမြူခြင်းနှင့် စပ်လျဉ်း၍ သက္ကရာဇ် ၂၀၀၀ နောက်ပိုင်းတွင် ပိုးစာစိုက်ပျိုးပြီး ပိုးမွေး/ပိုးအိမ်ထုတ်လုပ်မှု လျော့ကျလာရခြင်းအကြောင်းများအနက် ပိုးအိမ်ဈေးက အဓိကသော့ချက်အဖြစ် ကြုံတွေ့ရပါကြောင်း၊ မွေးမြူထုတ်

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၇)မှ ဦးနိန်းခင်းပေါင် ဆွေးနွေးစဉ်။
(သတင်းစဉ်)

လုပ်သည့် ပိုးအိမ်ရောင်းရငွေများ မိသားစုအရေးဖူလုံအောင်ပေးနိုင်ခြင်း မရှိခြင်းကြောင့် တစ်နည်းဆိုရလျှင် တွက်ခြေမကိုက်ခြင်းကြောင့် ရိုးသားသည့်လုပ်ငန်းကိုကျောခိုင်းပြီး မရိုးသားသည့် ဘိန်းစိုက်ခြင်း၊ ပြည်ပထွက်ပြီး ငွေရှာရခြင်းလုပ်ငန်းများ မျက်ကွယ်ပြု၍ လုပ်ခဲ့သဖြင့် ပိုးမွေးမြူရေးအောင်မြင်စေရန် မြေတောင်မြှောက် ပံ့ပိုးပေးရန် လိုအပ်ကြောင်း ဆွေးနွေးသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန်က "ယခုကျင်းပနေတဲ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းရဲ့ မူသဘောကိုဆွေးနွေးကြတာဖြစ်ပါတယ်။ ဘာတွေကိုအဓိကထား ဆွေးနွေးကြသလဲဆိုရင် ပြည်သူတွေအတွက် အဓိကလိုအပ်ချက်တွေဖြစ်တဲ့ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးကဏ္ဍတွေနဲ့ပတ်သက်ပြီး ဆွေးနွေးကြတာဖြစ်ပါတယ်။ နောက်တစ်ခုက တိုင်းရင်းသားတွေ စုပေါင်းဖွဲ့စည်းထားတဲ့ ပြည်ထောင်စုနိုင်ငံကြီးဖြစ်တဲ့အတွက် တိုင်းရင်းသားတွေနဲ့ပတ်သက်တဲ့ အရေးကိစ္စတွေကိုလည်း အဓိကထား ဆွေးနွေးစေချင်ပါတယ်။ ဒီအရေးကိစ္စတွေဟာ အမျိုးသားစီမံကိန်းနဲ့ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပတ်သက်နေတဲ့အတွက် ဖြစ်ပါတယ်" ဟု ၎င်း၏ အမြင်ကို ပြောပြသည်။

မဟာအောင်မြေ မဲဆန္ဒနယ်မှ

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းကြိုင် ရှင်းလင်းဖြေကြားစဉ်။
(ဓာတ်ပုံ-အောင်မင်းစိုး)

ဦးအုန်းကြိုင်က "၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းအပေါ် ကိုယ်စားလှယ်အများအပြားက ဝေဖန်အကြံပြုဆွေးနွေးကြတာ အားရစရာကောင်းပါတယ်။ ကိုယ်စားလှယ်တော်ကြီးတွေဟာ ပြည်နယ်နဲ့တိုင်းဒေသကြီးအသီးသီးမှ အလွှာအသီးသီးက ပြည်သူတွေကို ကိုယ်စားပြုတဲ့၊ တစ်နည်းအားဖြင့် သန်းပေါင်းများစွာသော ပြည်သူတွေရဲ့ ရင်ထဲက ဆန္ဒတွေကို ထင်ဟပ်ဖော်ပြခြင်းလည်းဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ပြည်ထောင်စုကြီးဖြစ်နေတဲ့အတွက် ဘာပဲလုပ်လုပ် မျှမျှတတနဲ့ ဖွံ့ဖြိုးတိုးတက်ဖို့ အဓိကထားလုပ်ဆောင်ရမှာဖြစ်ပါတယ်။ ဒါမှလည်း မျှတမှုရှိစွာနဲ့ ပိုပြီးဖွံ့ဖြိုးတိုးတက်လေ ပိုပြီးညီညွတ်လေဖြစ်မှာဖြစ်တဲ့အတွက် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေး အကြံပြုကြတာဖြစ်ပါတယ်" ဟု ပြောပြသည်။

အစည်းဝေးကို ညနေပိုင်းတွင် ရပ်နားပြီး အစည်းအဝေး ဒသမနေ့ကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ယုံကြည်မှုအခြေခံတည် တွဲထားတဲ့လက်မဖြုတ်တမ်း ငြိမ်းချမ်းရေးရောင်ခြည် ရှေ့သို့ချီ

တွေ့ဆုံမေးမြန်း၊ မှတ်တမ်းဓာတ်ပုံ အောင်မင်းစိုး(ကြေးမုံ)

မြန်မာနိုင်ငံတွင် လူမျိုးပေါင်းတစ်ရာကျော်ရှိပြီး ပဋိပက္ခဖြစ်ပွားခဲ့သည့် လက်နက်ကိုင်အဖွဲ့(၁၁)ဖွဲ့ရှိခဲ့သော်လည်း မြန်မာနိုင်ငံတွင် အရပ်သားအစိုးရတာဝန်ယူပြီးနောက်ပိုင်း လက်နက်ကိုင်အဖွဲ့ (၁၀)ဖွဲ့နှင့် ငြိမ်းချမ်းရေးရရှိအောင် စွမ်းဆောင်ထားနိုင်ခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံ မြောက်ပိုင်းတွင်ရှိသည့် KIO/KIA အဖွဲ့တစ်ဖွဲ့တည်းနှင့်သာ ငြိမ်းချမ်းရေးရရှိရန် ကျန်ရှိနေပါသည်။ ယခုအခါ အဆိုပါအဖွဲ့နှင့်လည်း ငြိမ်းချမ်းရေးဆွေးနွေးမှုများ၊ ငြိမ်းချမ်းရေးအတွက် အလားအလာကောင်းသည့် အခြေအနေများ တိုးတက်ဖြစ်ပေါ်လာပြီး ငြိမ်းချမ်းရေး ရောင်ခြည်သန်းလာပြီဟု ဆိုကြသည်။

KIO/KIA ကချင် ငြိမ်းချမ်းရေးဆွေးနွေးမှုနှင့် ပတ်သက်၍ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန်က "ငြိမ်းချမ်းရေးရရှိဖို့ဆိုတာ တိုင်းရင်းသားအားလုံး စုပေါင်းပါဝင်ဖို့လိုပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှာ ခြောက်ကြိမ်၊ ခုနစ်ကြိမ်လောက် ပါဝင်ခဲ့ဖူးပါတယ်။ အခု ဒီကိစ္စကိုနှစ်ဖက်စလုံးက မဖြစ်မနေ ကြိုးစားလာတဲ့အခါမှာ အခုဆိုရင် ငြိမ်းချမ်းရေးရောင်ခြည် သန်းလာပါပြီ။ အခုနောက်ဆုံး ၄ ရက်နေ့က တွေ့ဆုံခဲ့မှုမှာဆိုရင် အရင် (၁၁)ကြိမ် တွေ့ဆုံစဉ်ကထက် အခြေအနေ ပိုကောင်းလာပါတယ်။ ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှာလည်း ငြိမ်းချမ်းရေးဆောင်ရွက်တဲ့အခါမှာ အပစ်အခတ်ရပ်စဲရေးနဲ့ ကြားဝင်ဆောင်ရွက်ပေးဖို့ ကျွန်တော်တို့က တင်ပြခဲ့ပါတယ်။ အဲဒါကိုလည်း လွှတ်တော်မှာ အတည်ပြုနိုင်ခဲ့ပါတယ်။ အခု တစ်ကြိမ်ဆွေးနွေးမှုမှာ ယခင်အကြိမ်တွေထက် ထူးခြားတာကတော့ အရင်တုန်းက တွေ့ဆုံဆွေးနွေးမှုဆိုတာက အစိုးရနဲ့ KIO/KIA နှစ်ဖွဲ့ပဲ ဆွေးနွေးခဲ့တာပါ။ ပဋိပက္ခဖြစ်နေတဲ့ အဖွဲ့နှစ်ဖွဲ့ ဆွေးနွေးကြတာဆိုတော့ တိုးတက်မှုသိပ်မရခဲ့ဘူး။ အခု တစ်ခါကျတော့ ကြားဝင်စေ့စပ်တဲ့အဖွဲ့တွေပါလာတော့ ပိုပြီးနားလည်ယုံကြည်မှုရခဲ့တာပါ။ အခုတစ်ကြိမ်ဆွေးနွေးမှုမှာ SSA ပါတယ်။ တိုင်းရင်းသားခေါင်းဆောင်တွေပါတယ်။ KNU ကလည်းပါတယ်။ ဒ့ါအပြင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက သံအမတ်ကြီးလည်း ပါတယ်။ ဒါကြောင့် နှစ်ဖက်ယုံကြည်မှုက ပိုပြီးတိုးတက်လာပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့မှာ ပြည်ထောင်စုဝန်ကြီးတွေ၊ တပ်မတော်ဘက်က ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုးနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ ကချင်ပြည်နယ်ဘက် ငြိမ်းချမ်းရေးခရီးစဉ် နှစ်ရက်သွားရောက်ပြီးတဲ့နောက်မှာ အခြေအနေထူးလာတာက ဂျာလာယန်ဆိုတဲ့ဒေသမှာ နှစ်ဖက်တပ်တွေဟာ မပစ်ကြ၊ မခတ်ကြဘဲ လက်ဆွဲနှုတ်ဆက်တယ်လို့ သိရပါတယ်။ ဒါ အင်မတန်မှ အတိတ်နိမိတ်ကောင်းတဲ့ လက္ခဏာပါ။ ဒီအချိန်မှာ ကျွန်တော်တို့ အရေးကြီးတာက မပစ်ကြ၊ မခတ်ကြဖို့နဲ့ နှစ်ဖက်စလုံးက စည်းကမ်းရှိကြဖို့ပါပဲ" ဟု ပြောကြားသည်။

ကချင်ပြည်နယ် အင်ဂျန်းယန် မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ ရှင်းလင်းဖြေကြားစဉ်။

ဆက်လက်ပြီး အင်ဂျန်းယန် မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူက "အပြန်အလှန် ယုံကြည်မှုရဖို့ဆိုတာ နှုတ်နဲ့ ပြောဖို့ထက် လက်တွေ့ကျကျ ဆောင်ရွက်မှုက ပိုမိုအဓိကကျပါတယ်။ ရေရှည်ငြိမ်းချမ်းရေးရဖို့ မြန်မြန်ငြိမ်းချမ်းရေးရဖို့ဆိုတာ အပြောအဆိုတွေ ဆင်ခြင်ဖို့လိုပါတယ်။ နှစ်ဖက်စလုံးက လက်နက်တွေကိုင်ထားကြတာဖြစ်တဲ့အတွက် အချိန်မရွေးပဋိပက္ခတွေဖြစ်ပွားနိုင်ပါတယ်။ ပဋိပက္ခဆိုတာ နှစ်ဖက်စလုံးမှာ ရှိကြတာပါပဲ။ အဲဒါကို မီဒီယာတွေက တစ်ဖက်ဖက်ကို ဇောင်းပေးပြီး ရေးသားဖော်ပြနေကြမယ်ဆိုရင် ငြိမ်းချမ်းရေးဆောင်ရွက်တဲ့နေရာမှာ အနှောင့်အယှက်ဖြစ်စေပါတယ်။ ကျွန်မက ကချင်တိုင်းရင်းသူတစ်ယောက်ဖြစ်တဲ့အတွက် ကချင်တွေရဲ့ခံစားချက်ကိုနားလည်ပါတယ်။ ကျောပူတာကိုခံနိုင်တယ်၊ နားပူတာကို မခံနိုင်ဘူးဆိုတာလိုပေ့ါ။ သူတို့လည်း သူတို့ဘက်က မှန်တယ်လို့ယူဆကြမှာပါပဲ။ ဖြစ်ခဲ့တာတွေကို တစ်ဖက်နဲ့ တစ်ဖက် အပြစ်ဖို့နေကြမယ်ဆိုရင်တော့ ငြိမ်းချမ်းရေးမြန်မြန်ရနိုင်မှာ မဟုတ်ပါဘူး။ ဒါတွေကို မေ့ပစ်ရမယ်လို့တော့ မဆိုလိုပါဘူး။ အတိတ်က ဖြစ်ခဲ့တာတွေကို သင်ခန်းစာယူပြီး ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် ငြိမ်းချမ်းရေး မြန်မြန်ရရှိမှာပါ။ အသုံးအနှုန်းအပြောအဆိုလေးတွေကို ထိန်းထိန်းသိမ်းသိမ်းနဲ့ ပြောဆိုကြဖို့လိုအပ်ပါတယ်။ အခုလို ကချင်ပြည်နယ်မှာ ငြိမ်းချမ်းရေး ရောင်ခြည်သန်းလာပြီဆိုတဲ့ သတင်းစကားတွေကြားရတာ ကချင်တိုင်းရင်းသူတစ်ယောက်အနေနဲ့ရော လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ပါ ကျွန်မ အများကြီးဝမ်းသာပါတယ်" ဟု ပြောကြားသွားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးခက်ထိန်နန် ရှင်းလင်းဖြေကြားစဉ်။

ရောဝတီကို တယ်ရိုဆာဆနာအသင်း ထပ်မံအနိုင်ယူ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

MNL ကလပ် ရောဝတီယူနိုက်တက်အသင်းနှင့် ထိုင်းပရီမီယာလိဂ်ကလပ် ဘီအီးစီတယ်ရိုဆာဆနာ အသင်းတို့၏ ခြေစမ်းပွဲကို ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားကြရာ တယ်ရိုဆာဆနာအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

၂၀၁၂ ခုနှစ်အတွင်း တွေ့ဆုံစဉ်က ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့် ရောဝတီအသင်းမှာ ယခုပွဲတွင်လည်းရှုံးကွေးမဆပ်နိုင်ဘဲ ရှုံးပွဲထပ်မံကြုံတွေ့ခဲ့ရသည်။ ရောဝတီအသင်းတွင် လက်ရွေးစင်အသင်းသို့ ပေးထားရသည့် နိုင်လင်းဦးနှင့် ဖြိုးကိုကိုသိန်းတို့ ပါဝင်ကစားနိုင်ခြင်းမရှိသလို နိုင်ငံခြားသားကစားသမားများအနက်မှ လီအန်ဒရိုနှင့် ဒိုမီနစ်တို့သာ ပါဝင်ကစားခဲ့သည်။ တယ်ရိုဆာဆနာအသင်းမှာ ရတနာပုံအသင်းကို အနိုင်ရရှိခဲ့သည့် လူစာရင်းကို အပြောင်းအလဲပြုလုပ်ကာယှဉ်ပြိုင်ကစားခဲ့သော်လည်း ရောဝတီကိုခြေအသာဖြင့် ကစားနိုင်ခဲ့သည်။

တယ်ရိုဆာဆနာအသင်းအတွက် ဂိုးများကို ဒေ့ါဆန်းတို့စ်က ၃၄ မိနစ်နှင့် ၃၇ မိနစ်တို့တွင် သွင်းယူပေးခဲ့ပြီး ရောဝတီအသင်းအတွက် ချေပဂိုးကို ၄၃ မိနစ်တွင် ဒိုမီနစ်က ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။ **(ရှိုင်းထက်ဇော်)**

အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ နှစ်ပတ်လည်အစည်းအဝေး မှာကြားချက်နှင့် ရှေ့လုပ်ငန်းစဉ်များ ထပ်ဆင့်ရှင်းလင်း

နေပြည်တော် ဖေဖော်ဝါရီ ၁၄

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ နှစ်ပတ်လည် အစည်းအဝေးမှ မှာကြားချက်များနှင့် ရှေ့လုပ်ငန်းစဉ်များအား ထပ်ဆင့်ရှင်းလင်းပွဲကို ဖေဖော် ဝါရီ ၁၁ ရက် နံနက် ၉ နာရီတွင် မကွေးတိုင်းဒေသကြီး အမျိုးသမီး ရေးရာအဖွဲ့ရုံး၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်စန်းစန်းမြင့်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းသင်းထွေးက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ နှစ်ပတ်လည် အစည်းအဝေးမှ မှာကြားချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေး၍ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများက ခရိုင်နှင့် မြို့နယ်အတွင်း ဆောင်ရွက်မှုများ၊ ဆက်လက်ဆောင် ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်စန်းစန်းမြင့်သည် တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ရုံး၌ ကျင်းပသော မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ တိုင်းဒေသကြီးအတွင်းရှိ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်းများအတွက် သားဖွားခန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းမှ ထောက်ပံ့သော အခြေခံအရေးပေါ်သုံးဆေးဝါးများနှင့် သားဖွားခန်းသုံးပစ္စည်းများကို မြို့နယ်အလိုက် ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းရေးရာ

❋ ကျောဖုံးမှ

အပြန်အလှန်အားဖြင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်နှင့် ယခု မိမိနှင့်အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခွင့်ရရှိခြင်းသည်လည်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအတွက် အထူးကောင်းမွန်ပြီး ပိုမိုခိုင်မာသော ချစ်ကြည်ရင်းနှီးမှုများ တစ်စထက်တစ်စ ပိုမိုတိုးမြှင့်တည်ဆောက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများအား ပါလီမန်ဆိုင်ရာသင်တန်းများ ပို့ချပေးနိုင်ရန်အတွက် ကျွမ်းကျင်သူကိုယ်စားလှယ်အဖွဲ့အား စေလွှတ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံလွှတ်တော်မှ သီးခြားသင်ကြားလိုသည့် ဘာသာရပ်များ ရှိပါကပြောကြားပေးစေလိုပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင် အိန္ဒိယနိုင်ငံမှ အကူအညီများ ဆက်လက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ တည်ဆဲဥပဒေများအား အခြားနိုင်ငံများ၏ ဥပဒေများကို လေ့လာပြီး မိမိတို့နိုင်ငံအတွက် အသင့်လျော်ဆုံးဖြစ်မည့်အချက်များအား ထုတ်နုတ်ရေးဆွဲခဲ့သော်လည်း အချိန်ကာလပြောင်းလဲလာသည်နှင့်အမျှ အကြိမ်ကြိမ်ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ရပါကြောင်း၊ မြန်မာပြည်သူလူထု၏ အမူအကျင့်၊ နေထိုင်ပုံနှင့်အရည်အချင်းများအား လေ့လာခြင်းဖြင့် မြန်မာနိုင်ငံ၏ အနာဂတ်မှာ ကောင်းမွန်သည့်အလားအလာများ ရှိနေသည်ဟု ကောက်ချက်ချလိုပါကြောင်း၊ မြန်မာ-ထိုင်း- အိန္ဒိယ ပူးပေါင်း၍ ကားလမ်းဖောက်လုပ်ပြီး မြန်မာနိုင်ငံမှတစ်ဆင့် အာဆီယံနိုင်ငံများသို့ ဆက်သွယ်မှုများ ပြုလုပ်သွားနိုင်ရန် စီစဉ်လျက်ရှိပါကြောင်း၊ အိန္ဒိယနိုင်ငံ၏ ဗဟိုနှင့်ပြည်နယ်များအကြား အာဏာခွဲဝေမှု၊ ဘဏ္ဍာငွေခွဲဝေသုံးစွဲမှုများနှင့် ပတ်သက်၍ လေ့လာလိုသည်များရှိပါက အကူအညီပေးရန် အသင့်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ လွှတ်တော်ကိုယ်စားလှယ်များသည် သိရှိလိုသည်များကို ရင်းနှီးခင်မင်စွာ မေးမြန်းဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ လွှတ်တော်ကော်မတီ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြပြီး အိန္ဒိယနိုင်ငံအောက်လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးလည်း တက်ရောက်သည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီး
အိန္ဒိယနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့သည် အိန္ဒိယသမ္မတနိုင်ငံအောက်လွှတ်တော် (Lok Sabha) ဥက္ကဋ္ဌ Honourable Smt. Meira Kumar ဦးဆောင်သော အိန္ဒိယလွှတ်တော်ကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ထမင်းစားခန်းမဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အိန္ဒိယနိုင်ငံအောက်လွှတ်တော်ဥက္ကဋ္ဌတို့သည် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲရေးနှင့် လွှတ်တော်နှစ်ရပ်အကြား ပိုမိုပူးပေါင်း ဆောင်ရွက်ရေးတို့အပေါ် အပြန်အလှန် ဆုတောင်းစကား ပြောကြားကြပြီး အတူတကွ ညစာသုံးဆောင်ကြသည်။

ဂုဏ်ပြုညစာ သုံးဆောင်နေစဉ် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် အိန္ဒိယလွှတ်တော်ဥက္ကဋ္ဌတို့သည် အမှတ်တရပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များအား ပန်းခြင်းပေးအပ်သည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးနန္ဒကျော်စွာနှင့် ဦးမြညိမ်း၊ လွှတ်တော်ကော်မတီ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အိန္ဒိယနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးလည်း တက်ရောက်သည်။

(သတင်းစဉ်)

လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးဌေးဦးအား မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana သည် ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ကော်မတီအစည်းအဝေးဆောင် အမှတ်(၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ဝဲပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင် ခုနစ်ဦးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ ပြောင်းလဲကျင့်သုံးနေသည့် စနစ်သစ်နှင့် လိုက်လျောညီထွေဖြစ်လာသော ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များ၊ လူ့အခွင့်အရေးနှင့် ပတ်သက်သည့် လွှတ်တော်အတွင်း၊ လွှတ်တော်ပြင်ပ ဆောင်ရွက်နေမှုများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် တည်ငြိမ်အေးချမ်းမှု ရရှိရေးကိစ္စရပ်များနှင့် နိုင်ငံတကာဆက်ဆံရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ ဆေးရွက်ကြီးမှ

ခွေးရူးပြန်ရောဂါ ဗိုင်းရပ်စ်အား တားဆီးပေးနိုင်သည်အထိ လန်ဒန်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက တိုးတက်ပြောင်းလဲလာအောင်ပြုလုပ်ခဲ့ကြသည်။ ခွေးရူးပြန်ရောဂါသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ထောင်ပေါင်းများစွာသော လူများကို နှစ်စဉ်နှစ်တိုင်း အသက်ဆုံးရှုံးစေသည့် နိုင်ငံတကာဆိုင်ရာ ကူးစက်ရောဂါလည်းဖြစ်နိုင်သည်ဟု လန်ဒန်တက္ကသိုလ် စိန့်ဂျော့မှ ခန္ဓာကိုယ်ခုခံစွမ်းအားစနစ်အား လေ့လာသောဌာနမှ သုတေသနပညာရှင် လီယိုနတ်ဘို့ချ်က ပြောသည်။

ခွေးရူးပြန်ရောဂါ ကူးစက်ခြင်းအား မကုသဘဲထားခြင်းသည် ၁၀၀ ရာခိုင်နှုန်း သေစေနိုင်ပြီး အမြဲတမ်းသေဒဏ်ကျခံထားရသည့် လူတစ်ဦးကဲ့သို့တွေ့နိုင်သည်။ မျိုးဗီဇမတူသော အခြားဆေးရွက်ကြီးပင်မှ ပွားယူထားသော ဈေးနှုန်းသက်သာစွာဖြင့် ထုတ်ယူထားသည့် ပဋိဇီဝပစ္စည်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ရှိသည့် ဝင်ငွေနည်း မိသားစုများအတွက် ခွေးရူးပြန်ရောဂါများကို လုံလောက်စွာ တားဆီးပေးနိုင်မည့်မျှော်လင့်ချက် အလားအလာကို ဖွင့်ပေးခြင်းပင်ဖြစ်ကြောင်း လန်ဒန်ကြေညာချက်တစ်ခုအရ ဘို့ချ်က ပြောသည်။

မျိုးမတူသော အခြားဆေးရွက်ကြီး အပင်များကို အသုံးပြု၍ ထုတ်လုပ်ခဲ့သည့် ပဋိပစ္စည်းသည် ဈေးအချိုသာဆုံး ထွက်ကုန်တစ်ခုဖြစ်လာသည်။ ဆေးရွက်ကြီးပင်၏ အရွက်များမှ သန့်စင်၍ ထုတ်ယူထားသော ပဋိပစ္စည်းများ ဖြစ်သည်။ ယင်းပဋိပစ္စည်းသည် ၎င်း၏ပရိုတိန်းနှင့် သကြားဓာတ်တို့ ပေါင်းစပ်ဖွဲ့စည်းထားပြီး ထူးခြားသည့် သွင်ပြင်လက္ခဏာကိုဆောင်သည်။ ပဋိပစ္စည်းသည် ကျယ်ပြန့်စွာ ပျံ့နှံ့နိုင်ကာ ခွေးရူးပြန်ရောဂါ ဗိုင်းရပ်စ်ပိုးကို အာနိသင်လျော့ပါးစေရန် တက်ကြွစွာ စွမ်းဆောင်နိုင်ခြင်းကိုပြသည်။ ခွေးရူးပြန်ရောဂါသည် သတင်းဆိုးပင် ဖြစ်သည်ဟု ဂါယယ်ဝိုက်စ်မန်းက ပြောသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ပြည်သူများအတွက် ဆေးရွက်ကြီးမှ ထုတ်လုပ်သည့် ပဋိပစ္စည်းသည် အမှန်ကန်ဆုံး ကုသနိုင်သည်။ ယင်းနိုင်ငံများမှ ထုတ်လုပ်မှု ကုန်ကျစရိတ်သည် ကုသမှုကို ပြတ်လပ်သွားစေရန် ဦးတည်စေသည်ဟုလည်း နယူးယောက်တက္ကသိုလ်မှ ဆေးဝါးပညာပါမောက္ခဖြစ်သူ ဝိုက်စမန်းက ထပ်လောင်းပြောဆိုသည်။

ဥတုရာသီ တောကိုမှီ၏

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၅-၂-၂၀၁၃ (သောကြာနေ့)

၇း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၄၀	International News
၈း၂၅	"Road to 27th SEA GAMES" (အလေးမ)
၈း၄၅	"တပ်ကုန်းထမင်းသုပ်"
၄း၃၀	မြန်မာစာ၊ မြန်မာစကား
၄း၅၅	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေ)
၅း၂၅	အိန္ဒိယရုပ်ရှင်"ဖြူစင်မေတ္တာ" (အပိုင်း-၄၄)
၆း၀၀	ညနေခင်းသတင်း
၆း၁၅	မိုးလေဝသအခြေအနေ
၆း၂၀	"ချစ်သောဤကမ္ဘာမြေ"
၆း၅၀	နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာသစ္စာ" (ဒုတိယတွဲ) (အပိုင်း-၁၄)
၇း၀၀	ပြည်တွင်းသတင်း
၇း၁၀	နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာသစ္စာ" (ဒုတိယတွဲ) (အပိုင်း-၁၄)
၇း၅၀	လောကနီတိ"လွတ်လပ်ခြင်း"
၈း၀၀	ပြည်တွင်းသတင်း -နိုင်ငံတကာသတင်းများ -ငယ်မူဟန်ပန်သူ့ဆိုဟန် (သုမောင်)
၁၀း၀၀	ပြည်တွင်းသတင်း

မြန်မာ့ရိုးရာလက်ဝှေ့ မြန်မာပြည်ချန်ပီယံလုပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ KSM Yoeyar Letwhay Promotion Group မှ စီစဉ်ပြီး ထက်လင်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ အဓိကပံ့ပိုးကူညီသော မြန်မာပြည်ရိုးရာလက်ဝှေ့ချန်ပီယံလုပွဲကြီးကို ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် သိမ်ဖြူအားကစားခန်းမ(ကန်တော်ကြီး)၌ ကျင်းပမည်ဖြစ်သည်။

အထူးစိန်ခေါ်ပွဲအဖြစ် ရွှေခါးပတ်ချန်ပီယံစောငမန်း(ရွှေဖူး)နှင့် ဒဂုံရွှေအောင်လံဆုရှင် ရွှေခါးပတ်ချန်ပီယံ တွေ့မရှောင်(နဂါးမာန်)တို့က ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ရာ ၂၀၁၃ မြန်မာပြည်ချန်ပီယံမည်သူဖြစ်မည်ကို စောင့်စား ကြည့်ရှုကြရမည်ဖြစ်သည်။

စိန်ခေါ်ပွဲများအဖြစ် သတ္တိအောင်(တောင်ကလေး)နှင့် တူးတူး(နဂါးမာန်)၊ ဒေါင်းသည်းချေ(ဝါဆို)နှင့် စောဂေါ်မူတို (သတ္တိ)၊ ကြယ်လေး(ရွှေဖူး)နှင့် ရဲမြင့်အောင်(အဖြူရောင်သွေးသစ်)၊ မိုးသီး(ရွှေဖူး)နှင့် အောင်ဂဲစော(တောင်ကလေး)၊ လှစ်လှစ်လေး(အဖြူရောင်သွေးသစ်)နှင့် ဖိုးလပြည့်(ရွှေဖူး)၊ ဝင်းမောက်(ရွှေဖူး)နှင့် နေလင်းအောင်(အဖြူရောင်သွေးသစ်)တို့က ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ ကြိုတင်လက်မှတ်များကို ဇော်ပစ်တိုင်းထောင်ဗီဒီယို ဖုန်း ၀၁-၂၄၉၁၁၇ သို့ ဆက်သွယ်ဝယ်ယူနိုင်ပြီး ပွဲစဉ်အားလုံးကို မည်သည့်ရုပ်သံလိုင်းကမျှ ထုတ်လွှင့်ပြသမည်မဟုတ်ကြောင်း သိရသည်။

အောင်ကျော်ဦး (ကြေးမုံ)

စာနယ်ဇ

"စာနယ်ဇင်း"ဟူသော မြန်မာဝေါဟာရကို အ
ကောက်ဝေါဟာရသည် "သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း"
ဝေါဟာရသစ်ပင်ဖြစ်သည်။ "သတင်းစာ"သည် မြန်မ
"သိစေရန်ပြောသောစကား"ကို ရှေးခေတ်က "သိ
ယင်းမှသည် "သတင်း"ဖြစ်လာသည်။ "ဂျာနယ်"သ
ဖြစ်သည်။ ယင်းဖြစ်ပေါ်လာပုံကို ပြောပြလိုပါသည်
ဟူသော ယနေ့သုံးဝေါဟာရသည် ရှေးက Diurnal မှ
"ဒိယားနဲလ်"ဟု အသံထွက်ရာမှ ရွေ့လာ၍ "ဂျာနဲလ်
ထွက်ကိုလိုက်၍ စာလုံးပေါင်းရသောအခါ Journal

Diurnal ဟူသောဝေါဟာရသည် Diem ဟူသေ
ပွားထွက်လာသည်။ Diem ၏အဓိပ္ပာယ်သည် "နေ့"ဖြ
Day ဟုအသံပြောင်း၊ စာလုံးပေါင်းပြောင်း၍ လက်
မှ အင်္ဂလိပ်ဝေါဟာရဖြစ်လာခြင်းပင်။) Diurnal
အင်္ဂလိပ်ဝေါဟာရ Daily ဟူသော နာမဝိသေသန သို
အဓိပ္ပာယ်နှင့်တူညီသည်။ ထို့ကြောင့် Diurnal (သို့မ
"နေ့စဉ်"ဟူသော အဓိပ္ပာယ်ကို ဆောင်သည်။

နေ့စဉ်မှတ်တမ်းအဖြစ်ထုတ်ဝေသော "သတင်
ကို ရှေးခေတ်က Journal ဟုခေါ်ကြသည်။

ယခုထက်ထိ အချို့သောနိုင်ငံများမှ သတင်းစာ
သော အမည်ဖြင့် ခေါ်နေကြသေးသည်။ Journal ဟူ
အင်္ဂလိပ်လို Day Book ဟူလေရာ အရောင်းအဝယ်
ရောင်းရငွေပမာဏကို မှတ်သားသောစာအုပ်ကို "ဂျာ
စီးပွားရေး စာရင်းအင်းပညာရပ်တွင် ဤဝေါဟာရ တွေ
(Day) မှပင် Diary (ဒိုင်ယာရီ) "နေ့စဉ်မှတ်တမ်း"

Journal (ဂျာနယ်)နှင့် Newspaper (သတင်
ကာလအလျောက် တဖြည်းဖြည်းလမ်းခွဲလာကြသည်
ထုတ်ဝေသည်ထက် တစ်ပတ်တစ်ကြိမ် သို့မဟုတ် တ
ဖြင့် ထုတ်ဝေကြသည်။ ထို့ကြောင့် သတင်းစာ
တစ်မျိုးတစ်စားတည်းဖြစ်ရာမှ သတင်းစာ၊ ဂျာနယ်
သတ်မှတ်လာကြ သည်။

"စာနယ်ဇင်း"တွင် "ဇင်း"သည် အများသိကြသ
၏ အတိုကောက်ဖြစ်သည်။ ယခုအခါ မြန်မာဝေါဟာ
ဖြစ်နေပါပြီ။ "မဂ္ဂဇင်း" (Magazine)၏ အဓိပ္ပာယ်
တိုက်ခန်း' 'သေနတ်ကျည်အိုး'ဖြစ်သည်။ စာစော
ဘဝတိုက်ပွဲအတွက် 'ပညာလက်နက်တိုက်'ဖြစ်ပေ
မျိုးစုံစုစည်းထားသော စာစောင်၊ စာအုပ်ဖြစ်သည်။

အိန္ဒိယသမ္မတနိုင်ငံ
ကိုယ်စားလှယ်အဖွဲ့ မန္တ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

အိန္ဒိယသမ္မတနိုင်ငံ အောက်လွှတ်တော် (LOK SABHA) ဥက္ကဋ္ဌ Honourable Smt. Meir
Kumar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည်
နေပြည်တော်မှ မန္တလေးမြို့သို့ ယနေ့ မွန်းလွဲ ၁၂ နာရီ
တွင် ရောက်ရှိကြပြီး မဟာမြတ်မုနိဘုရားကြီးအာ
သွားရောက်ဖူးမြော်ကြည်ညို၍ အလှူငွေများ ပေးအ
လှူဒါန်းသည်။

ထို့နောက် နန်းမြို့ မြနန်းစံကျော်ရွှေနန်းတော
ယဉ်ကျေးမှုပြတိုက်၊ ရွှေကျောင်းတော်ကြီး၊ ကုသိုလ်တော
ဘုရား၊ မန္တလေးတောင်၊ ဆုတောင်းပြည့်ဘုရားတို့သ
သွားရောက်ဖူးမြော်ကြည်ညိုကာ အလှူငွေများ ပေးအ



စာနယ်ဇင်းနှင့် မီဒီယာ

တက္ကသိုလ်တင်ခ

"စာနယ်ဇင်း"ဟူသော မြန်မာဝေါဟာရကို အများသိကြသည်။ အတိုကောက်ဝေါဟာရသည် "သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း"တို့ကို ဖော်ညွှန်းသော ဝေါဟာရသစ်ပင်ဖြစ်သည်။ "သတင်းစာ"သည် မြန်မာဝေါဟာရဖြစ်သည်။ "သိစေရန်ပြောသောစကား"ကို ရှေးခေတ်က "သိတင်း"ဟု ဆိုကြသည်။ ယင်းမှသည် "သတင်း"ဖြစ်လာသည်။ "ဂျာနယ်"သည် အင်္ဂလိပ်ဝေါဟာရဖြစ်သည်။ ယင်းဖြစ်ပေါ်လာပုံကို ပြောပြလိုပါသည်။ Journal (ဂျာနယ်) ဟူသော ယနေ့သုံးဝေါဟာရသည် ရှေးက Diurnal မှဆင်းသက်လာသည်။ "ဒိယားနဲလ်"ဟု အသံထွက်ရာမှ ရွေ့လာ၍ "ဂျာနဲလ်"ဖြစ်လာသည်။ အသံထွက်ကိုလိုက်၍ စာလုံးပေါင်းရသောအခါ Journal ဖြစ်လာသည်။

Diurnal ဟူသောဝေါဟာရသည် Diem ဟူသော ပင်ရင်းဝေါဟာရမှ ပွားထွက်လာသည်။ Diem ၏အဓိပ္ပာယ်သည် "နေ့"ဖြစ်သည်။ (အင်္ဂလိပ်လို Day ဟုအသံပြောင်း၊ စာလုံးပေါင်းပြောင်း၍ လက်တင်ဝေါဟာရ Diem မှ အင်္ဂလိပ်ဝေါဟာရဖြစ်လာခြင်းပင်။) Diurnal ၏ အဓိပ္ပာယ်သည် အင်္ဂလိပ်ဝေါဟာရ Daily ဟူသော နာမဝိသေသန သို့တည်းမဟုတ် နာမ်၏ အဓိပ္ပာယ်နှင့်တူညီသည်။ ထို့ကြောင့် Diurnal (သို့မဟုတ်) Journal သည် "နေ့စဉ်"ဟူသော အဓိပ္ပာယ်ကို ဆောင်သည်။

နေ့စဉ်မှတ်တမ်းအဖြစ်ထုတ်ဝေသော "သတင်းစာ" (Newspaper) ကို ရှေးခေတ်က Journal ဟုခေါ်ကြသည်။

ယခုထက်ထိ အချို့သောနိုင်ငံများမှ သတင်းစာအချို့ကို Journal ဟူသော အမည်ဖြင့် ခေါ်နေကြသေးသည်။ Journal ဟူသော ဝေါဟာရသည် အင်္ဂလိပ်လို Day Book ဟူလေရာ အရောင်းအဝယ်ကိစ္စများတွင် နေ့စဉ်ရောင်းရငွေပမာဏကို မှတ်သားသောစာအုပ်ကို "ဂျာနယ်"ဟုခေါ်ကြသည်။ စီးပွားရေး စာရင်းအင်းပညာရပ်တွင် ဤဝေါဟာရ တွေ့ပါလိမ့်မည်။ Diem (Day) မှပင် Diary (ဒိုင်ယာရီ) "နေ့စဉ်မှတ်တမ်း" ဖြစ်လာသည်။

Journal (ဂျာနယ်)နှင့် Newspaper (သတင်းစာ)တို့သည် အချိန်ကာလအလျောက် တဖြည်းဖြည်းလမ်းခွဲလာကြသည်မှာ Journal ကို နေ့စဉ်ထုတ်ဝေသည်ထက် တစ်ပတ်တစ်ကြိမ် သို့မဟုတ် တစ်လနှစ်ကြိမ် စသည်ဖြင့် ထုတ်ဝေကြသည်။ ထို့ကြောင့် သတင်းစာနှင့် ဂျာနယ်တို့သည် တစ်မျိုးတစ်စားတည်းဖြစ်ရာမှ သတင်းစာ၊ ဂျာနယ်(စာနယ်)ဟူ၍ ခွဲခြားသတ်မှတ်လာကြ သည်။

"စာနယ်ဇင်း"တွင် "ဇင်း"သည် အများသိကြသည့်အတိုင်း "မဂ္ဂဇင်း"၏ အတိုကောက်ဖြစ်သည်။ ယခုအခါ မြန်မာဝေါဟာရ လုံးလုံးလျားလျားဖြစ်နေပါပြီ။ "မဂ္ဂဇင်း" (Magazine)၏ အဓိပ္ပာယ်ရင်းသည် 'လက်နက်တိုက်ခန်း' 'သေနတ်ကျည်အိုး'ဖြစ်သည်။ စာစောင်မဂ္ဂဇင်းသည်လည်း ဘဝတိုက်ပွဲအတွက် 'ပညာလက်နက်တိုက်' ဖြစ်ပေသည်။ ပညာဗဟုသုတ မျိုးစုံစုစည်းထားသော စာစောင်၊ စာအုပ်ဖြစ်သည်။

မြန်မာမဂ္ဂဇင်းအစကာလတွင် ရှေးအကျဆုံးစာစောင်ဖြစ်သော မဂ္ဂဇင်းအမည်သည် 'မဂ္ဂဇိန်း'ဟူ၏။ ထိုအမည်ကိုပေးပုံမှာ 'မဂ္ဂ' = လမ်း + 'ဇိန်း' = 'ဇိန' = အောင်မြင်ခြင်းဖြစ်သည်။ 'အောင်မြင်ခြင်းလမ်း' ဟု အဓိပ္ပာယ်ရစေသည်။ အင်္ဂလိပ်ဝေါဟာရ၏ အသံထွက်ကိုမှီ၍ သုံးသော အမည်ဖြစ်သည်။

'စာ-နယ်-ဇင်း'ကို အင်္ဂလိပ်ဘာသာဖြင့် စုပေါင်းဖော်ပြသော ဝေါဟာရ တစ်လုံးရှိသည်။ ယနေ့ခေတ်စားနေသည်။ ယင်းသည်ကား Media (မီဒီယာ) ဖြစ်သည်။ အဓိပ္ပာယ်မှာ 'အလယ်'ဖြစ်သည်။ 'သက်ဆိုင်သူမှ သက်ဆိုင်သူသို့' ဆိုသလို အကြောင်းခြင်းရာဖြစ်ပေါ်ရာမှ လူအများကြား သိစေရန် သတင်းပို့ရာတွင် ' စာနယ်ဇင်း' နှင့် အသံလွှင့်၊ ရုပ်မြင်သံကြား စသည့် ဆက်သွယ်ရေးကိရိယာတို့ကို စုပေါင်းဖော်ပြသော Media ဟူသော ဝေါဟာရသည် ယခုခေတ်၌ လူသိများထင်ရှားလျက်ရှိသည်။ Media သည် Median ၏ ဗဟုဝုစ်ကိန်းနာမ်ဖြစ်သည်။ အဓိပ္ပာယ်မှာ Middle (အလယ်) ဖြစ်သည်။ ယခုခေတ်ကို အများက Information Age ဟုခေါ်ဆိုနေကြသည်။ (Information = ကြားသိစေအပ်ခြင်း၊ Age = ခေတ်) တစ်နည်းဆိုသော် "သတင်းခေတ်" ဖြစ်သည်။

သိပ္ပံနှင့် နည်းပညာတို့၏ ကြီးပမ်းမှုကြောင့် "ကွန်ပျူတာ" ပေါ်ထွန်းလာသည်။ ယင်းကိုအသုံးပြုကာ သတင်းဖြန့်ချိရေး၊ သတင်းသိမှီးရေး စသည့် အရေးတို့သည် တိုးတက်အောင်မြင်လျက်ရှိပေသည်။

လူ့သမိုင်းတစ်လျှောက်တွင် ခေတ်အဆက်ဆက်ရှိခဲ့သည်။ နောင်လည်း ရှိဦးမည်သာပင်။ တစ်ခေတ် ပေါ်တိုင်း လူတို့သည် ခေတ်မီအောင် ကြိုးစားကြသည်။ ယင်းသို့ကြိုးစားခိုက်မှာပင် ခေတ်သစ်တစ်ခုပေါ်လာပြန်သည်။ ယခင်ခေတ်သစ်သည် ယခုခေတ်ဟောင်း ဖြစ်ရချေသည်။ ယခင်က ထူးဆန်းသည်။ ထူးခြားသည်ဟု အမွှမ်းတင်ရသောအရာတို့သည် နောက်တက်လာသည့် ခေတ်၌ ရိုးကုန်ကြ၏။ အထူးအဆန်းသစ်များ၊ ထူးခြားချက်အသစ်များသည် ခေတ်သစ်နှင့် အတူလိုက်လာကြသည်။ လူတို့သည် ခေတ်မီအောင်ကြိုးစားရပြန်၏။ ယင်းသို့လျှင် သံသရာလည်နေတော့သည်။

ခေတ်တွေပြောင်း၍ အသစ်တွေဟောင်းရသည်။ အသစ်၏အသစ်သည် ပေါ်လာပြန်၏။ ယင်းသို့လျှင် ဖြစ်ပြီးလျှင် အတန်ကြာတည်၏။ တည်နေရင်းလည်း ပျက်နေကြသည်။ အပြောင်းအလဲတို့သည် နိယာမတရားတို့ကို တစ်နည်းအားဖြင့် ဖော်ထုတ်လျက်ရှိကြချေသည်။

သတင်းစာနှင့် မီဒီယာ မည်သို့ဆက်စပ်ပတ်သက်နေမည်ကိုမူ သတိပြုကြည့်ရှုလေ့လာရန် အမှန်လိုပေသည်။

(ဆရာတက်တိုး၏ မီဒီယာနှင့် သတင်းခေတ်ကို မှီငြမ်းပါသည်။)

စာချုပ်တော်အမိန့်များနှင့် စပ်လျဉ်းသည့် ပညာရပ်ဆိုင်ရာဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၄

စာချုပ်တော်သည် တရားဥပဒေစိုးမိုးရေး၊ တရားမျှတမှု ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး အကောင်အထည်ဖော်ရာတွင် အမှန်တကယ်လိုအပ်ပါကြောင်း၊ အဆိုပါ အခွင့်အရေးသည် စာချုပ်တော်နှင့် စပ်လျဉ်း၍ အကျိုးစပ်ဆိုင်သူများအတွက် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေဆိုင်ရာ မှားယွင်းမှုများ၊ သဘာဝ တရားစီရင်ရေးဆိုင်ရာ စည်းမျဉ်းများဟူသည့် အချက်(၃)ချက်ပေါ်တွင် အခြေခံပါကြောင်း၊ ယခုအခါ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခြေခံအခွင့်အရေးကို ကာကွယ်ရန်အတွက် ယင်းဥပဒေ၏ အခန်း ၈ ပုဒ်မ ၃၇၈(က)တွင် စာချုပ်တော် ကျင့်သုံးရေးဆိုင်ရာ ဥပဒေများကို

အညီ ဘက်မလိုက်မှု၊ သာတူညီမှု၊ တရားမျှတမှုတို့အတွက် အကျိုးရှိစေခဲ့ပါကြောင်း၊ ယခုဆွေးနွေးပွဲသည် မြန်မာနိုင်ငံတွင် ပထမဆုံးကျင်းပသည့် စာချုပ်တော်နှင့်စပ်လျဉ်းသော ဆွေးနွေးပွဲတစ်ရပ် ဖြစ်ပါကြောင်း၊ စာချုပ်တော်များသည် တရားစီရင်ရေးနှင့် တရားစီရင်ရေးသဘောသက်ရောက်သော လုပ်ငန်းများ ပြန်လည် သုံးသပ်ခြင်းအတွက် နည်းလမ်းများလည်းဖြစ်ပါကြောင်း၊ တရားစီရင်ရေး ပြန်လည်သုံးသပ်ခြင်းသည် အယူခံဝင်သည့်စနစ်နှင့် ကွဲပြားမှုရှိပါကြောင်း၊ ဇင်းသည် စီရင်ပိုင်ခွင့် အာဏာကိစ္စရပ်များ၊ ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရှေ့တော်သွင်းစာချုပ်တော်အမိန့်၊ အာဏာပေးစာချုပ်တော်အမိန့်၊ အာဏာပိုင်မေးစာချုပ်တော်အမိန့်၊ တားမြစ်စေစာချုပ်တော်အမိန့်၊ အမှုခေါ်စာချုပ်တော်အမိန့်များကို ပြဋ္ဌာန်းထားပါကြောင်း၊ တရားလွှတ်တော်ချုပ်မှ စာချုပ်တော်အမိန့် ထုတ်ပြန်ရန်အတွက် အမှုလျှောက်ထားတင်သွင်းနိုင်ခွင့်ကို ပြည်သူများမှ ကျယ်ပြန့်စွာ ကျင့်သုံးနိုင်ကြပြီး ဥပဒေအရာရှိများမှ အစိုးရကိုယ်စားတည် ဆဲ ဥပဒေများနှင့် အညီ ဘက်လိုက်မှုကင်းရှင်းစွာဖြင့် အမှုလိုက်ပါ ဆောင်ရွက်ကြရကြောင်း၊ စာချုပ်တော်တို့ကို ရင်းနှီးကျွမ်းဝင်မှုရှိခဲ့သဖြင့် အကျိုးစပ်ဆိုင်သူများအတွက် ယခုဆွေးနွေးပွဲမှတစ်ဆင့် အောင်မြင်မှုအသီးအပွင့် ရလဒ်များကို ရရှိခံစားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ဥပဒေစနစ်အရ သင့်တော်သော နည်းလမ်းဖြင့် စာချုပ်တော်ကိစ္စများကို ဆောင်ရွက်သွားရမည်ကို သတိပြုသင့်ပါကြောင်း၊ ပညာရှင်များသည်လည်း ယခု ဆွေးနွေးပွဲမှ မိမိတို့နေရပ်ဒေသသို့ ပြန်လည်ရောက်ရှိသည့်အခါ စာချုပ်တော်နှင့်သက်ဆိုင်သည့် ဗဟုသုတမျိုးစေ့ကို စိုက်ပျိုးပေးခြင်းဖြင့် တိုးတက်မှုများရရှိနိုင်မည်ဖြစ်ပြီး စာချုပ်တော်ဆိုင်ရာ အခန်းကဏ္ဍသစ်ကို ဖွင့်လှစ်နိုင်မည်ဖြစ်ပါကြောင်း ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ အမရဟိုတယ်၌ ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် အပြည်ပြည်ဆိုင်ရာဥပဒေပညာရှင်များအဖွဲ့ (ICJ) တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော စာချုပ်တော်အမိန့်များနှင့် စပ်လျဉ်းသည့် ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ ဖွင့်ပွဲတွင် ပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များအဖွဲ့ (ICJ) မှ ဥက္ကဋ္ဌဟောင်း Mr. John Dowd AO QC က ယခုအချိန်အခါတွင် မြန်မာနိုင်ငံ၌ သမိုင်းဝင်ပြောင်းလဲမှု ဖြစ်ပေါ်နေသည်ကို မိမိတို့အဖွဲ့မှ အသိအမှတ်ပြုပါကြောင်း၊ မြန်မာနိုင်ငံ၏ ဥပဒေသမိုင်းကြောင်းအရ ခိုင်မာသည့်ဥပဒေအခြေခံအုတ်မြစ်ကောင်းရှိပြီးဖြစ်သည့်အတွက် ယခု ဥပဒေ ပြုပြင်ပြောင်းလဲမှုများကို အနည်းငယ်ဆောင်ရွက်ရုံကာမျှဖြင့် တရားဥပဒေစိုးမိုးရေးကို အခြားနိုင်ငံများနှင့်နှိုင်းစာလျှင် ရှေ့ပြေးသို့ ရောက်ရှိနေပါကြောင်း၊ မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးရေးနှင့် ပိုမိုကျယ်ပြန့်သော ပြုပြင်ပြောင်းလဲနေမှုများအတွက် အကူအညီများပေးရန် အသင့်ရှိပါကြောင်း၊ မြန်မာနိုင်ငံဘက်မှ ဆွေးနွေးချက်များကိုရယူပြီး လိုအပ်သည်များပံ့ပိုးပေးနိုင်မည်ဟု မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဆွေးနွေးပွဲကို ကျင်းပပြီး ဖေဖော်ဝါရီ ၁၅ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့ မန္တလေးမြို့၌ လှည့်လည်လေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

အိန္ဒိယသမ္မတနိုင်ငံ အောက်လွှတ်တော် (LOK SABHA) ဥက္ကဋ္ဌ Honourable Smt. Meira Kumar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်မှ မန္တလေးမြို့သို့ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ရောက်ရှိကြပြီး မဟာမြတ်မုနိဘုရားကြီးအား သွားရောက်ဖူးမြော်ကြည်ညို၍ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် နန်းမြို့၊ မြနန်းစံကျော်ရွှေနန်းတော်၊ ယဉ်ကျေးမှုပြတိုက်၊ ရွှေကျောင်းတော်ကြီး၊ ကုသိုလ်တော်ဘုရား၊ မန္တလေးတောင်၊ ဆုတောင်းပြည့်ဘုရားတို့သို့ သွားရောက်ဖူးမြော်ကြည်ညိုကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။ ထို့နောက် မန္တလေးမြို့ရှုခင်းများကို မန္တလေးတောင်ပေါ်မှ ကြည့်ရှုသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမောင်က အိန္ဒိယသမ္မတနိုင်ငံ အောက်လွှတ်တော် (LOK SABHA) ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ညပိုင်းတွင် မန္တလေး မြို့ ဆီဒိုးနားဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အိန္ဒိယသမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ မဟာမြတ်မုနိဘုရား ကြေးရုပ်ပြတိုက်အတွင်း ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

ပြည်ထောင်စုရှေ့နေချုပ်အား မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူနှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူး အစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana နှင့် အဖွဲ့သည် ယနေ့ညနေ ၆ နာရီတွင် ပြည်ထောင်စု ရှေ့နေချုပ်ရုံး အပြည်ပြည်ဆိုင်ရာ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံပွဲတွင် ပြည်ထောင်စု ရှေ့နေချုပ်က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအသစ် ပြဋ္ဌာန်းခဲ့ပြီး အစိုးရသစ်တာဝန်ယူသည့် အချိန်အတွင်း နိုင်ငံတော်က လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးနယ်ပယ်များတွင် ပြုပြင်ပြောင်းလဲမှုများ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့မြင်နိုင်ကြောင်း၊ နိုင်ငံသားများ၏ အခွင့်အရေးနှင့် တာဝန်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာ ဥပဒေများကို အသစ်ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်းများ ပြုခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါကဏ္ဍများတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အနေဖြင့် ဥပဒေဗဟုသုတများ ဖြန့်ဝေပေးနိုင်ရန် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခဲ့ကြောင်းဖြင့် ရှင်းလင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သင့်စီးပွားရေး အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ခင်မောင်ဌေး(ပညာရေး)၏ သူ့အမြင် သူ့အတွေး

ရန်ကုန်မြို့ပြနှင့် မြေအောက်ရေ

နယ်စပ်မှာရှိစဉ်ကပေါ့။ အိမ်မြေကွက်က ပေ ၈၀ ပတ်လည်နီးနီးလောက်ရှိမယ်ထင်တယ်။ မီးဖိုဆောင် ခပ်သေးသေးတစ်လုံးရယ်၊ အိမ်မကြီးတစ်လုံးရယ်နဲ့။ အိမ်ရှေ့မှာ မြေကွက်အကျယ်ကြီး ကျန်သေးတယ်။ နယ်ပြန်ရင် ကိုယ့်အိမ်ထဲမှာပဲ စောစောထပြီး အရှေ့အနောက်လမ်းလျှောက်လို့ရတယ်။ နောက်ဖေးက သစ်ပင်ပန်းမန်တွေကို ရေလောင်းလိုက်နဲ့ အညောင်းအညာကိုပြေလို့။

ရန်ကုန်ရောက်ကတည်းက တိုက်ခန်းကျဉ်းဝေဒနာ ခံစားရတယ်။ တလောက မြို့ပြတည်ဆောက်ရေး ဗိသုကာတွေကလည်း ပြောကြပါတယ်။ ရန်ကုန်တိုက်ခန်းအများစုက လူတွေနေထိုင်ဖို့ မသင့်ဘူးတဲ့။ နယ်ကအမျိုးတွေကတော့ပြောပါတယ်၊ "ရန်ကုန်မှာတိုက်ကြီးတာကြီးနဲ့နေရတာပျော်စရာတွေလည်းပေါတယ်၊ ပျော်မှာပေါ့နော်"တဲ့။

ပျော်လိုက်တာ မပြောပါနဲ့။ အပြင်ထွက်တော့လည်း လူကျပ်၊ ကားကျပ်၊ တိုက်ခန်းပေါ်ရောက်ပြန်တော့လည်း လူကျပ်-လူကျပ်ပါပဲ။ တချို့အိမ်ဆို သန့်စင်ခန်းတောင်မှ ခေါင်းမလွတ်၊ ကိုယ်မလွတ်။ ဒါနဲ့ တိုက်ကြီးတာကြီးဆိုလို့ အဆောက်အအုံတွေကကြီးပါတယ်၊ ပေ ၃၀ လောက်ရှိရင် ကိုပဲ နှစ်ခန်းတွဲ ခုနစ်ထပ်၊ ရှစ်ထပ်ဆောက်ကြတယ်။ တိုက်တွေကလည်း ဆက်နေတာ။ အဓိကကသုံးရေပဲ။ သောက်ရေသန့်ကိုတော့ ရေသန့်ဘူးကိုပဲသုံးရတယ်။ နေရာတိုင်းမှာ ဂျိုးဖြူရေမရဘူး။ ဒီတော့ တိုက်တစ်တိုက်မှာ အဝီစိတွင်း တစ်တွင်းနဲ့ လိုသလောက်ထုတ်သုံးနေကြတာ။

တစ်နေ့ကတော့ တရုတ်နိုင်ငံရဲ့ အကြီးဆုံးမြို့ကြီးတွေထဲက ဝေါင်ဇူးမြို့၊ ဝေါင်ဝမ်လမ်းရှိ မြေအောက် အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းခွင်တစ်ခု အနီးမှာ နေအိမ်ဆောက်အအုံတစ်လုံး မြေကြီးထဲကိုကျွံဝင်မှုတစ်ခုဖြစ်သွားတာ ရှန်ဟိုင်းသတင်းတစ်ရပ်မှာ ဖော်ပြထားတယ်။ ကျွံဝင်သွားတဲ့ကျင်းက ၃၂၃၀ ပေကျယ်ပြီး ပေ ၃၀၀၀ အနက်ရှိသတဲ့။ ဒါနဲ့ပတ်သက်ပြီး တရုတ်နိုင်ငံမှာ မြေအောက်ရေတွေ အဆမတန်ထုတ်ယူသုံးစွဲမှုနဲ့ အဆောက်အအုံတွေ ပိုပြီးတိုးချဲ့ဆောက်လုပ်လာမှုကြောင့် ဖြစ်ကြောင်း အမေရိကန်အခြေစိုက် ကမ္ဘာ့ပထဝီဝင်လေ့လာစူးစမ်းရေးအဖွဲ့က ပြောကြားလိုက်ပါသတဲ့။

ဘာပဲပြောပြော တိုက်ကြီးတာကြီးနဲ့နေရတာ ကျောစိမ့်လိုက်တာ။ မြေငလျင်ဆိုရင် အပေါ်ဆုံးထပ်တွေက ပိုသိသာတယ်။ ရန်ကုန်မြို့မှာလည်း မြေအောက်ရေ ထုတ်ယူသုံးစွဲမှုက အကန့်အသတ်မရှိသလောက်ပါပဲ။ မီတာတစ်ရာလောက်ရှည်တဲ့ လမ်းတစ်လမ်းမှာ မျက်နှာချင်းဆိုင် တိုက်ရာချီပြီးရှိနိုင်တယ်။ တိုက်ခန်းပေါင်းထောင်ဂဏန်း မိသားစုဦးရေ သောင်းဂဏန်းနီးနီး လောက်နေထိုင်တယ်။ စမ်းချောင်းတုန်းကနေတဲ့ တိုက်ခန်းဆိုရင် တစ်တွဲတစ်စပ်တည်း ၄၈ ခန်းရှိတယ်။ မိသားစု ၄၈ စု။ ရွာငယ်တစ်ရွာတည်လောက်တယ်။ နေ့စဉ်ထုတ်ယူ သုံးစွဲနေတဲ့ရေပမာဏကို မှန်းဆကြည့်နိုင်တယ်။ စဉ်းစားကြည့်ရင် တိုက်ကြီးတာကြီးတွေပေါ်မှာနေရတာ စိတ်အေးသက်သာနဲ့ မအိပ်ရဲလောက်အောင်ပါပဲ။

အိမ်နီးချင်း ထိုင်းနိုင်ငံဆိုရင် မြေအောက်ရေအလွန်အကျွံထုတ်ယူမှုကြောင့် မြို့မျက်နှာပြင်ဟာ အလွန်နိမ့်ကျလာနေပါတယ်။ ပင်လယ်ဒီရေလှိုင်းတက်ရင် မြို့က ရေလွှမ်းမိုးခံနေရပြီ။ ပြီးခဲ့တဲ့နှစ်ထဲက ကျောက်ဖရားမြစ်ရေလျှံတော့လည်း တစ်နိုင်ငံလုံးရေနစ်ခဲ့ပြီး စီးပွားရေးလုပ်ငန်းတွေ အတော်များများ ရပ်ဆိုင်းသွားခဲ့ရဖူးတယ်။

ဆိုချင်တာက မြို့ပြစီမံကိန်းရေးဆွဲသူတွေဟာ မြေအောက်ရေထုတ်ယူသုံးစွဲမှုကို ထိန်းချုပ်နိုင်မယ့် အစီအမံတွေ ထည့်သွင်းရေးဆွဲသင့်တယ်။ တစ်ခါ ဂျိုးဖြူရေရောက်နိုင်မယ့် နေရာတွေ စိစစ်တိုးချဲ့ပြီးပေးဝေသင့်တယ်။ အလွန်အကျွံ၊ အတိုင်းအဆမဲ့ ထုတ်ယူသုံးစွဲနေရာက ကာကွယ်ထိန်းသိမ်းနိုင်မယ့်နည်းလမ်းမျိုး ရှာသင့်တယ်။ တကယ်တော့ မြေအောက်ရေ အလွန်အကျွံထုတ်ယူမှုကြောင့် တစ်ချိန်မှာ ရန်ကုန်ဟာ ဗန်ကောက်လို ပင်လယ်ရေအောက် မရောက်သွားဖို့လိုတာပါပဲ။ ။

ကမာရွတ်မြို့နယ်၌ ကွန်ကရစ်လမ်းနှင့် သံပေါင်သံကူကွန်ကရစ်တံတားသစ်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ကမာရွတ်မြို့နယ် အမှတ်(၁) ရပ်ကွက် ကန်လမ်း ကွန်ကရစ်လမ်းနှင့် သံပေါင်သံကူ ကွန်ကရစ်တံတားသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၈ နာရီတွင် အဆိုပါ ကန်လမ်းထိပ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီး ရန်ကုန် မြို့တော်ဝန် ဦးလှမြင့်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြငွေ၊ လမ်းဖြစ်မြောက်ရေး ကော်မတီဥက္ကဌ ဦးဆွေဦးနှင့် တံတားအလှူရှင် ဦးစိုးနိုင်တို့က ကွန်ကရစ်လမ်းနှင့် တံတားတို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လမ်းနှင့် တံတားတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြ သည်။

ယနေ့ဖွင့်လှစ်သည့် အရှည် ၃၆၅ ပေနှင့် အကျယ် ၁၂ ပေရှိ ကွန်ကရစ်လမ်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ခွင့်ပြုရန်ပုံငွေ ကျပ် ၅၁ သိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အရှည် ၂၅ ပေ၊ အကျယ် ၁၄ ပေနှင့် ခွင့်ပြုခံနိုင်ဝန် ၁၅ တန်ရှိ သံပေါင်သံကူကွန်ကရစ်တံတားကို အလှူရှင် ဦးစိုးနိုင်က ငွေကျပ်သိန်း ၈၀ အကုန်အကျခံကာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တွင် တရားသူကြီးများ၊ တရားရေးအရာရှိများကျမ်းသစ္စာဆို

ပဲခူး ဖေဖော်ဝါရီ ၁၄

ပဲခူးတိုင်းဒေသကြီး အတွင်းရှိ တရားသူကြီးများ၊ တရားရေး အရာရှိများ ကျမ်းသစ္စာဆိုသည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်၌ ပြုလုပ်သည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေက အမှာစကားပြောကြား၍ တရားသူကြီးများနှင့် တရားရေး အရာရှိများသည် ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ရှေ့မှောက်တွင် ကျမ်းသစ္စာကျိန်ဆိုကြသည်။**(ဓါတ်ပုံ)**

ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံနှင့် မှာကြားချက်များကို ထပ်ဆင့် ရှင်းလင်းဆွေးနွေးသည့် အခမ်းအနားကို ဆက်လက်ကျင်းပကြောင်း သိရသည်။

(သန့်စင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၅-၂-၂၀၁၃ (သောကြာနေ့)

၅း၀၀ "ကမ္ဘဝါဒ"တရားတော် [ဆရာတော်ဒေါက်တာအရှင်တေဇောသာရ (ချင်းတောင်တန်းသာသနာပြုဆရာတော်)]
၉း၄၀ ဂီတသရုပ်ပြခန်း (သွန်း)
၅း၂၀ Minute to Win It
၆း၁၅ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ချိုမြိန်သောဘဝလေး" (အပိုင်း-၁၀၂)
၉း၃၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ပျော်ရွှင်မှု" (အပိုင်း-၂၁)
၁း၃၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "မေတ္တာမှန်လျှင်"(အပိုင်း-၂၃)



ပြည်တွင်းရေးရာ

သာသနာရေးရာကိစ္စများဆောင်ရွက်ရန် ထိုင်းဘုရင့်တပ်မတော်က လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေးအစီအစဉ်အရ သာသနာရေးကိစ္စများ တိုးမြှင့်ဆောင်ရွက်ရန် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသော ဘုရား၊ စေတီ၊ ကျောင်းများအား ပြုပြင်ရန်နှင့် နာဂလိုဏ်ဂူဘုန်းကြီးကျောင်းရှိ ပရိယတ္တိပညာရေး တိုးမြှင့်ဆောင်ရွက်ရန် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး Tanasak Patimapragorn နှင့်ဇနီးနှင့် အဖွဲ့ဝင်များက အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီခွဲတွင် နာဂလိုဏ်ဂူ ကလေးဝတောရကျောင်းတိုက်၌ ကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဆန်းဦး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်၊ တောင်တန်းဒေသသာသနနုဂ္ဂဟအသင်း(ဗဟို) ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင်ဒေါက်တာခင်ရွှေနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ဆရာတော် သံဃာတော်များထံမှ အနုမောဒနာတရားနာယူကြသည်။ ဆက်လက်၍ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး Tanasak Patimapragorn နှင့်ဇနီးတို့က အဂ္ဂမဟာပဏ္ဍိတဒွိပိဋကရေဒွိပိဋကကောဝိဒ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ကလေးဝဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသထံ ပံ့သကူကထိန်သင်္ကန်း၊ အလှူငွေ ထိုင်းဘတ်ငွေ ၁၄၆၈၃၄၀ နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဆန်းဦး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်၊ တောင်တန်းဒေသသာသနနုဂ္ဂဟအသင်း(ဗဟို) ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင်ဒေါက်တာခင်ရွှေနှင့် ဧည့်သည်တော်များက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ကလေးဝဆရာတော်က ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တိုင်းမှူးဗိုလ်ချုပ်ဆန်းဦးတို့အား ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။ **(ဝဲပုံ)** **(ကြေးမုံ)**

နေပြည်တော်လယ်ဝေးမြို့နယ်၌ ကတ္တရာလမ်းနှင့် လမ်းမီးလိုင်းသွယ်တန်းပြီးစီး၍ ဖွင့်ပွဲများကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

နေပြည်တော် လယ်ဝေးမြို့ မြို့သစ်(၁)လမ်းနှင့် ခရေလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မြို့သစ် (၁) လမ်းနှင့် လမ်းမတော်လမ်းထောင့်ရှိ မင်္ဂလာနေရာ၌ ကျင်းပရာ နေပြည်တော် ကောင်စီဝင်များဖြစ်ကြသော ဦးကံချွန်နှင့် ဦးမြင့်ဆွေ၊ လယ်ဝေးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးငွေဝင်းနှင့် ဦးမှတ်ကြီး၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြပြီး မြို့သစ် (၁) လမ်းနှင့် ခရေလမ်း ကတ္တရာလမ်းသစ်အား နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်မြင့်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်တို့က ကတ္တရာလမ်းသစ်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ယာပုံ)** ထို့နောက် နေပြည်တော်ကောင်စီဝင်များနှင့် ဧည့်သည်တော်များသည် မြို့သစ် (၁) လမ်းနှင့် ခရေလမ်း ကတ္တရာလမ်းသစ်အား ဖြတ်သန်းကြည့်ရှုကြသည်။

ဆက်လက်၍ နေပြည်တော် လယ်ဝေးမြို့ မြို့တွင်းရှိ လမ်းပေါင်း ၁၇ လမ်းအား လမ်းမီးလိုင်း သီးသန့်သွယ်တန်းပြီးစီးမှု ဖွင့်ပွဲအခမ်းအနားကို အင်တိုင်းသာ (၃)လမ်းထိပ် မင်္ဂလာနေရာ၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်မြင့်နှင့် လယ်ဝေးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်လွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့တွင်းရှိ လမ်းပေါင်း ၁၇ လမ်းအား လမ်းမီးလိုင်း သီးသန့်သွယ်တန်းပြီးစီးမှု ဖွင့်ပွဲဆိုင်းဘုတ်အား နေပြည်တော်ကောင်စီဝင် ဦးကံချွန်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၏လမ်းညွှန်မှုဖြင့် အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)မှ မြို့သစ် (၁)လမ်း အရှည်ပေ ၂၃၆၀ အား ငွေကျပ် ၁၇၇ သိန်းနှင့် ခရေလမ်း အရှည် ပေ ၁၂၅၀ အား ငွေကျပ် ၁၃၉ သိန်း အကုန်အကျခံကာ ကတ္တရာလမ်း အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ရပ်ကွက်နေပြည်သူများနှင့် ကျောင်းသားကျောင်းသူများ ရာသီမရွေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ကြောင်းနှင့် လမ်းမီးလိုင်း သီးသန့် သွယ်တန်းသည့် မြို့တွင်းရှိ လမ်းပေါင်း ၁၇ လမ်းတို့တွင် ဆိုဒီယမ်မီးလုံး ၅၂ လုံးနှင့် မီးချောင်း ၃၅၇ ချောင်းတို့အား အချိန်တိုအတွင်း မီးလင်းနိုင်ရေးအတွက် နေပြည်တော် စည်ပင်သာယာရေး ကော်မတီက ငွေကျပ် ၂၀၂ သိန်း အကုန်အကျခံ သွယ်တန်းတပ်ဆင်ပေးခဲ့ခြင်းဖြစ်သည်။ နေပြည်တော်လယ်ဝေးမြို့တွင်းရှိ ကျန်ရှိနေသည့် လမ်းမီးများကိုလည်း ဆက်လက်သွယ်တန်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(၁၀၇)**

အထူးကုဆရာဝန်ကြီးများ အခမဲ့ကွင်းဆင်း ဆေးကုသ

ကလေး ဖေဖော်ဝါရီ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီး ၁၅ ဦးနှင့် ဆရာဝန် ၁၈ ဦးတို့သည် ဖေဖော်ဝါရီ ၈ ရက်တွင် ကလေးမြို့နယ် အင်းဒင်ကျေးရွာအုပ်စုသို့ အခမဲ့ကွင်းဆင်းဆေးကုသမှု ဆောင်ရွက်ရာ သားဖွားမီးယပ်လူနာများ၊ ကလေးသူငယ်များ၊ အရိုး၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ သွား၊ ခံတွင်းနှင့် အထွေထွေရောဂါဝေဒနာရှင်များအား ခွဲစိတ်ကုသသည့်လူနာ ကိုးဦး အပါအဝင် လူနာပေါင်း ၂၆၇ ဦးတို့အား အခမဲ့ဆေးဝါးကုသပေးခဲ့ကြောင်း သိရသည်။ **(ဂျူနိုင်း)**

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
Air Conditioner(5.0)HPများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော Air Conditioner(5.0)HP(၅)လုံးကို ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ် ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၈-၂-၂၀၁၃ ရက်မှ ၂၇-၂-၂၀၁၃ ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၂၈-၂-၂၀၁၃ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီး ဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈

မြန်မာ့မီးရထားအငြိမ်းစားများအသင်း
နှစ်(၅၀)ရွှေရတုနှင့် နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း

မြန်မာ့မီးရထား အငြိမ်းစားများအသင်း၏ နှစ် (၅၀)ရွှေရတု အထိမ်းအမှတ်နှင့် နှစ်ပတ်လည် အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်၍ အသင်းဝင်တိုင်း အသင်းဝင်ကတ်ပြားနှင့်တကွ တက်ရောက်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေရာ	- ဗဟိုသင်တန်းခန်းမ၊ မြန်မာ့မီးရထား၊ အင်းစိန်စက်ခေါင်းစက်ရုံ
ကျင်းပမည့်နေ့	- ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ရက်(စနေနေ့)
ကျင်းပမည့်အချိန်	-မွန်းတည့် ၁၂း၀၀နာရီတိတိ

အမှုဆောင်အဖွဲ့

အမည်ပြောင်း ကျွန်တော် ဦးအန်းကောက်၏သား အလက (၁) ဒဂုံတောင် ဆဋ္ဌမတန်း(က)တွင် ပညာသင်ကြားနေသော မိုက်ကယ်ချစ်ဦးမောင်အား မောင်ချစ်ဦးမောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မောင်ချစ်ဦးမောင်

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
တင်ဒါအမှတ် - 4T (C/RB)/ PASA/2012-2013

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားလုပ်ငန်းများအတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်သော သံချောင်းလုံး (Reinforced Concrete Steel Bars) (Deformed Steel Bars) မက်ထရစ်တန် (၄၀၀၀)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။ ဝယ်ယူမည့် သံချောင်းလုံးများအား မန္တလေးမြို့ (ဂိုဒေါင်အရောက်) (၂၁၀၀)တန်နှင့် ရန်ကုန်မြို့ (တံတားလေး ဂိုဒေါင်အရောက်) (၁၉၀၀)တန်ပေးသွင်းရမည်ဖြစ်ပါသည်။
၂။ တင်ဒါပုံစံရောင်းချမည့်ရက်- ၁၅-၂-၂၀၁၃ (ရုံးချိန်အတွင်း)
၃။ တင်ဒါပိတ်မည့်ရက်နှင့်အချိန်- ၂၂-၂-၂၀၁၃ (၁၆း၀၀)နာရီ
၄။ တင်ဒါဖွင့်မည့်ရက် - ၂၅-၂-၂၀၁၃ (၁၄း၀၀)နာရီ
၅။ တင်ဒါပုံစံနှင့်အသေးစိတ် အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။
၆။ သတ်မှတ်ရက်ထက် နောက်ကျတင်သွင်းသည့် အိတ်ဖွင့်တင်ဒါများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

ဘိလပ်မြေ၊ ကတ္တရာ၊ သံချောင်း ဝယ်ယူရေးဆပ်ကော်မတီ
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပစ္စည်းဦးစီး၊
ရုံးအမှတ်(၄၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၇၅၇၇၊ ၄၀၇၅၈၁

တိုးမြှင့်ပင်စင်လစာကိစ္စ

ကျန်းမာရေးဦးစီးဌာနမှ သက်ပြည့်ပင်စင်၊ လုပ်သက်ပြည့်ပင်စင်၊ နာမကျန်းပင်စင်၊ မိသားစုပင်စင် ခံစားနေပြီဖြစ်သော ပင်စင်စားများအားလုံးကို ၁-၇-၂၀၁၁မှစ၍ နိုင်ငံတော်မှပင်စင်လစာငွေ တိုးမြှင့်ခံစားခွင့်ပြုခဲ့ပါသည်။

ယခုအချိန်တွင် တိုးမြှင့်ပင်စင်ခံစားရန် ကျန်ရှိနေသော ပင်စင်စားများ သည် တိုးမြှင့်ပင်စင်ခံစားနိုင်ရန်အတွက် ၂၈-၂-၂၀၁၃ရက်နောက်ဆုံးထား၍ ကျန်းမာရေးဦးစီးဌာန (ရုံးချုပ်)၊ ဗဟိုအဆင့်ဆေးရုံကြီးများ၊ ပြည်နယ်/တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနများသို့ ဆက်သွယ်လျှောက်ထားနိုင်ရန် အသိပေးကြော်ငြာအပ်ပါသည်။

ကျန်းမာရေးဦးစီးဌာန

AUNG HTUSAN PREDICTION CENTER
Mind reader through Occult Science
(To make reservation well in advance)
Good intention will bring you good luck.

Asian Diary Travels & Tours
45000 , Mar 1/22/25
125000, Mar 23
Asian Diary
Ph : 0973069568 , 095120546, 092201196, 01-394711

လှိုင်သာယာစက်မှုဇုန် ၄ အနီး တိုက်နှစ်ထပ်အဆောင် အခန်း(၁၈)ခန်းပါ လက်ရှိတစ်လဝင်ငွေ (၅)သိန်းခန့်ရှိ ရေ မီးစုံ ဖုန်းပါ၊ အမြန်ရောင်းမည်။ ရောင်းဈေး(ညှိနှိုင်း) (ပွဲစားမလို)
ဆက်သွယ်ရန်ဖုန်း-
၀၉-၄၂၅၃၁၁၈၁၇
၀၉-၄၂၀၀၂၉၉၆

မီး သတိပြု

(G/44)
Ph-01-397164, 297297
မှော်ခင်း

အနုပညာ

ကျန်းမာရေးအခြေအနေကြောင့် ဂီတဖျော်ဖြေပွဲလေးပွဲ ရွှေ့ဆိုင်းခဲ့ရသည့် လေဒီဂါဂါ

နာမည်ကျော်အဆိုတော် လေဒီဂါဂါက ကျန်းမာရေးအခြေအနေကြောင့် ဖေဖော်ဝါရီလအတွင်း ဖျော်ဖြေရန် စီစဉ်ထားသည့် ဂီတဖျော်ဖြေပွဲ လေးခုကို ရက်ရွှေ့ဆိုင်းခဲ့ရကြောင်း သိရသည်။

လေဒီဂါဂါသည် ဖေဖော်ဝါရီ ၁၃ ရက်နှင့် ၁၄ ရက်တွင် ချီကာဂို၌ လည်းကောင်း၊ ဖေဖော်ဝါရီ ၁၆ ရက်တွင် Detroit၌ လည်းကောင်း၊ ဖေဖော်ဝါရီ ၁၇ ရက်တွင် ကနေဒါ၊ Hamilton နှင့် Ontario တို့၌ ပြုလုပ်မည့် ဂီတဖျော်ဖြေပွဲများကို ကျန်းမာရေးအခြေအနေ ဆိုးရွားမှုကြောင့် ရက်ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်ကြောင်း အင်္ဂါနေ့က သတင်းထုတ်ပြန်ထားသည်။

အဆိုတော် လေဒီဂါဂါ

လေဒီဂါဂါသည် တနင်္လာနေ့က Montreal ၌ ပြုလုပ်ခဲ့သည့် ဂီတဖျော်ဖြေပွဲတွင် ဖျော်ဖြေနေစဉ်အတွင်း သူမ၏ ကျန်းမာရေးအခြေအနေမှာ သိသိသာသာ ဆိုးရွားလာခဲ့ကြောင်း၊ သို့သော် မည်သူ့ကိုမျှအကြောင်းမကြားဘဲ ဂီတဖျော်ဖြေပွဲကို အဆုံးသတ်ရန် ကြိုးစားခဲ့သော်လည်း လေဒီဂါဂါသည် စင်ပေါ်၌ပင် လမ်းမလျှောက်နိုင်တော့လောက်သည့် အခြေအနေဖြစ်ခဲ့သည်။

"ကျွန်မရဲ့နာတာရှည်ရောဂါဟာ လွန်ခဲ့တဲ့ တစ်လလောက်ကနေစပြီးတော့ ပိုဆိုးလာခဲ့ပါတယ်။ ရှိုးပွဲအတွင်းမှာ အဲဒီရောဂါကို မျိုသိပ်ပြီး ဖျော်ဖြေခဲ့ပေမယ့် မရခဲ့ပါဘူး၊ ဒီရောဂါကြီးပျောက်ကင်းသွားဖို့ ဆုတောင်းပါတယ်"ဟု အဆိုပါရှိုးပွဲအပြီး သူမ၏တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြသွားခဲ့သည်။

ယခုနှစ်အတွင်း စီစဉ်ထားသည့် Born This Way Ball အမည်ရှိ ဂါဂါ၏ ကမ္ဘာလှည့်ဂီတဖျော်ဖြေပွဲ ခရီးစဉ်မှ ကျန်ရှိနေသည့် ဖျော်ဖြေပွဲများကိုလည်း ဆက်လက်ကျင်းပသွားနိုင်ရန် မျှော်လင့်ထားပြီး ဖေဖော်ဝါရီ ၁၉ ရက်နှင့် ၂၀ ရက်များတွင် Philadelphia ၌ နှစ်ညတာရှိုးပွဲ ကျင်းပသွားရန် စီစဉ်ထားကြောင်း သိရသည်။

သရုပ်ဆောင် ဆက်မာ့ဖလိန်းနှင့် ဇာတ်ကားသစ်တွင်ပါဝင်ရန် အမန်ဒါဆေးဖရိုင်း ညှိနှိုင်းမှုများ ပြုလုပ်

သရုပ်ဆောင် အမန်ဒါဆေးဖရိုင်းက အော်စကာဆုအတွက် ဆန်ခါတင် ရွေးချယ်ခြင်းခံရသည့် ဇာတ်ကားထုတ်လုပ်သူ သရုပ်ဆောင်၊ ဒါရိုက်တာ ဆက်မာ့ဖလိန်းနှင့်အတူ A Million Ways to Die in the West အမည်ရှိဇာတ်ကားအသစ်တွင် ပါဝင်သရုပ်ဆောင်ရန် ညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိသည်။

သရုပ်ဆောင် အမန်ဒါဆေးဖရိုင်း။

ရင်းညှိနှိုင်းမှုများ ပြေလည်သွားပါက သရုပ်ဆောင် အမန်ဒါသည် အဆိုပါဇာတ်ကားတွင် ခေတ်ပေါ် ဟာသကားများကို ကိုယ်တိုင်တီထွင်ဖန်တီးပြီး ကိုယ်တိုင်ပါဝင်သရုပ်ဆောင်တတ်သူ သရုပ်ဆောင်၊ ဒါရိုက်တာ ဆက်မာ့ဖလိန်းအပြင် သရုပ်ဆောင် Charlize Theron တို့နှင့်ပါ အတူတကွ ပါဝင်သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါ A Million Ways to Die in the West ဇာတ်ကားတွင် အမြဲတမ်းလိုလို ရှက်ကိုးရှက်ကန်းဖြစ်နေတတ်သော ကောင်လေးတစ်ယောက်အဖြစ် ဆက်မာ့ဖလိန်းကလည်းကောင်း၊ ယင်းကောင်လေးအား စွန့်ခွာသွားသော ချစ်သူ ဟောင်းကောင်မလေးအဖြစ် အမန်ဒါကလည်းကောင်း သရုပ်ဆောင်ရမည်ဖြစ်ပြီး ချစ်သူက ပစ်သွားသော ကောင်လေးကို ဖေးမကြင်နာခဲ့သူ နာမည်ကြီး ဝရမ်းပြေးတစ်ဦး၏ ဇနီးအဖြစ် သရုပ်ဆောင် Charlize Theron တို့၏ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းကို ဖော်ကျူးတင်ဆက်မည့် ဇာတ်ကားတစ်ကားဖြစ်သည်။

အမန်ဒါသည် မကြာမီကျင်းပမည့် အော်စကာဆုပေးပွဲအတွက် ဆန်ခါတင်ဆုပေါင်းများစွာ ရွေးချယ်ခြင်းခံထားရသည့် Les Miserables ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားခဲ့ပြီး ယင်းဇာတ်ကားသည် ဘာလင် နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ပြသခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဖြိုးစန္ဒာမြင့် စုစည်းရေးသားသည်

သမီးဖြစ်သူကို အနုပညာအမွေပေးလိုသည့် တေးသံရှင် ဘီယွန်စေး

တေးသံရှင် ဘီယွန်စေးက HBO ရုပ်သံလိုင်း၏ မှတ်တမ်းရုပ်ရှင်အဖြစ် သူမပါဝင်ရိုက်ကူးထားသော Life is But a Dream ဇာတ်ကားကို အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ အင်္ဂါနေ့ကစတင်ပြသခဲ့ရာ ယင်းဇာတ်ကားသည် ဘီယွန်စေးနှင့် ရက်ပ်အဆိုတော် Jay-Z တို့၏ သမီးဦးရတနာ Blue Ivy အတွက် တစ်စုံတစ်ရာသော အနုပညာအမွေအဖြစ် မျှော်လင့်ကြောင်း ဘီယွန်စေးက ဆိုသည်။

"ဒီဇာတ်ကားကို ရိုက်ကူးပြီးတဲ့အခါ ကျွန်မဘဝမှာ ခံစားခဲ့ရတဲ့ ဒဏ်ရာဒဏ်ချက်တွေကို ကုသပေးနိုင်တဲ့ ကုထုံးသစ်တစ်ခု တွေ့လိုက်သလိုပါပဲ၊ ဘဝမှာ တချို့သောအခက်အခဲတွေ ဘာကြောင့်ရှိနေရတယ်၊ အဲဒါတွေကို ဘယ်လို ကျော်ဖြတ်ရမယ်ဆိုတာတွေကို နားလည်တတ်လာတယ်၊ အဲဒါတွေကို အခြားလူတွေကို မျှဝေပေးနိုင်တဲ့အတွက် ကျွန်မဂုဏ်ယူပါတယ်" ဟု အဆိုပါဇာတ်ကား ဖွင့်ပွဲအခမ်းအနားတွင် ဘီယွန်စေးက ပြောကြားခဲ့သည်။

ဆက်လက်ပြီး ဘီယွန်စေးက အသက်တစ်နှစ်ခန့်သာရှိသေးသည့် သမီးဖြစ်သူအတွက် မျှော်လင့်ချက်များနှင့်ပတ်သက်ပြီး "သူမ အရွယ်ရောက်လာတဲ့အချိန်မှာ ဒီဇာတ်ကားတွေကိုကြည့်ပြီး ဘဝမှာလှပတဲ့အချိန်တွေရရှိစေဖို့ မျှော်လင့်ပါတယ်။ သူမလိုအပ်တဲ့အချိန်တွေမှာ အနုပညာလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ထောက်ပံ့ပေးသွားမှာပါ" ဟု ပြောကြားသွားသည်။ ဘီယွန်စေးပါဝင် သရုပ်ဆောင်ထားသော Life is But a Dream မှတ်တမ်းရုပ်ရှင်ကို HBO ရုပ်သံ လိုင်း မှ စနေနေ့တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

မာမာအေးရဲ့

'ပြောပြစရာတွေလဲ တပုံကြီး'

ထွက်ပြီ

၁၅-၂-၂၀၁၃ နေ့ အမျိုးသား ကဇာတ်ရုံတွင် ကျင်းပမည့် 'မာမာအေး' တေးအနုအလှများ Show ပွဲတွင် စတင်ရောင်းချပေးပါမည်။

ဖြန့်ချိရေး - လင်းလွန်းခင်စာပေတိုက်၊ ဖုန်း-၀၁-၂၉၃၄၀၁၊ ၀၉ ၂၂၀၁၇၃၀

392704, 09 50 66657

01-293159
01-9000293
09-5160048

ပျောက်ဆုံး ကျွန်မ ဒေါ်အေးမာလာစိုး[၁၂/ဗဟန(နိုင်)၀၃၉၀၇၅]ကိုင်ဆောင်သူ၏ သွင်းကုန်ပါမစ်မူရင်းအမှတ် ၆၆၁၇၃/၁၁၃၀၁သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၁-၂၉၃၅၆၀

ပျောက်ဆုံး ကျွန်တော် စည်သူမောင် [၉/လဝန(နိုင်)၁၃၂၁၃၂] ကိုင်ဆောင်သူ၏ သွင်းကုန်ပါမစ်မူရင်းအမှတ် ၅၃၃၉၇/၁၀၅၃၉၄သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၁-၂၉၃၅၆၀

ဂန္ဓဝင်ရွှေပုဂံ Travels & Tours
Exploring to the edge of the globe.

မန္တလေး (၅.၅ သိန်း) / ဖူးခက် ၈.၅ သိန်း
ဒူဘိုင်း (၁၉ သိန်း) / ရုရှား(မော်စကို) ၃၅ သိန်း
မန်ကောက် + စင်ကာပူ + မလေးရှား ၁၂ သိန်း
ကိုရီးယား(ဆိုးလ် + ဘူဆန် + ဂျေဂျူး) ၁၇ သိန်း
စင်ကာပူ + မလေးရှား (၇ ညအိပ် - ၈ ရက်) ၁၀.၅ သိန်း
ဂျပန် (တိုကျို + အိုဆာကာ + နာဂိုယာ) ၂၅ သိန်း
ဘာလီ (၁၀ သိန်း) / ဆက်၍ စင်ကာပူ+မလေးရှား ၁၅ သိန်း
ဩစတြေးလျ (ဆစ်ဒနီ၊မဲလ်ဘုန်း၊ဂိုးလ်ကို့စ်၊ဘရစ်စဘိန်း) ၃၅ သိန်း
ကမ္ဘောဒီးယား (သီရမ်ရီ + ဖနွမ်းပင်) ၅.၀ သိန်း
ဥရောပ (၇) နိုင်ငံ (ပြင်သစ်၊ အီတလီ၊ ဆွစ်ဇာလန် ....) ၃၉ သိန်း
ကမ္ဘောဒီးယား + ဗီယက်နမ် (ဆိုင်ဂုံ + ဟနွိုင်း) ၁၀.၅ သိန်း
နော်ဝေး၊ ဆွီဒင်၊ ဖင်လန်၊ ဖင်လန် (Cruise) ၄၀ သိန်း
သီရိလင်္ကာ (၁၁ သိန်း) / တိဗက် ၁၄ သိန်း
အင်္ဂလန်၊စကော့တလန် (ဂလပ်စဂို) ၄၀ သိန်း
ဟောင်ကောင်+ကွမ်ကျိုး+မကာအို ၁၃ သိန်း
အမေရိကန် (LA+ ဆန်ဖရန်စစ္စကို+လာ့စ်ဗေးဂတ်စ်+
ပီကင်း+ရှန်ဟိုင်း (၁၃ သိန်း) / ဆက်၍ စီအမ် (တာယာကိုတာချုပ်တု) ၁၆ သိန်း
နယူးယောက်+ဝါရှင်တန်+နိုင်ဂရာ Fall +ဟာဝိုင်ရီ) ၆၀ သိန်း
မုံဘိုင်း (၇ညအိပ်-၈ရက်) ၇.၅ သိန်း / ဟိုတည် တည်း-စား ၁၂ သိန်း
တောင်အာဖရိက (ကိပ်တောင်း၊ဂျိုဟန်နက်စဘတ်) ၄၃ သိန်း
သင်္ကြန်တွင်း အမေရိကန်၊ အင်္ဂလန် နိုင်ငံများမှာ ဗီဇာပြင်ဆင်ချိန်လိုအပ်ပါသဖြင့် ယခုပင်စာရင်းပေးသွင်းပါရန်
ကမ္ဘာအနှံ့ ခရီးစဉ်များနှင့်ပတ်သက်၍ မိမိသိလိုသမျှကို အချိန်မရွေးဖြေပေးနိုင်ပါသည်။

No.67, Baho Rd, Sanchaung. Ph: 519292, 519293, 519360, 500191.
E/1, 35 Rd, Bet 72&73 St, Mandalay. Ph: 02-73062. Hot Line: 09-73003772
Email:outboundgandawun@gmail.com, web: myanmartravel.org

ရွှေလမ်းခရီး ...မှ ကျိုက်ထီးရိုး (နေ့စဉ်)
371317,095124678,09401589907

ပိုင်ရှင်မှ တိုက်ရိုက်ရောင်းမည်

(15'x50')

A/C (1)

Pressur Pump

(320) Ph:09-5053076

(270)

KO NYAN ကိုညာဏ် Travel Services

50% Discount

Air-Con, hot & cold water, Toilet

75000 Feb-22/28

75000 Feb-14/28

90000 Feb-22/28

90000 Feb-22/28

Ph: 01-551649, 01-209183, 01-554359, 09-73112034
E-mail: konyan1966@gmail.com

အင်္ဂလိပ်အေဖလား ရင်ခုန်သံ

ရှိုင်းမင်းမင်း

လာမယ့်ဖေဖော်ဝါရီ ၁၆၊ ၁၇ ရက်တွေမှာ ပုံမှန်ကျင်းပနေကျ ပရီမီယာလိဂ် ပွဲတွေကို ကျင်းပသွားဖို့မရှိဘဲ အင်္ဂလိပ်အေဖလားပဉ္စမအဆင့်ပွဲစဉ်တွေကို ကျင်းပ သွားမှာဖြစ်ပါတယ်။ အဆိုပါပွဲစဉ်တွေအနက်က ဖေဖော်ဝါရီ ၁၆ ရက်မှာ ကျင်းပမယ့် ပွဲတွေကို သုံးသပ်တင်ပြပေးလိုက်ပါတယ်။

လေတန် Vs မီဝေါလ် ည ၇း၁၅ (၁၆-၂-၁၃)

(နောက်ဆုံး တွေ့ဆုံမှု)

(၂၈-၃-၀၈) *မီဝေါလ် ၀ - ၀ လေတန်*

လေတန်ဟာ အင်္ဂလန်ဘောလုံးလောကရဲ့ အသင်း ငယ်လေးတစ်သင်းသာဖြစ်ပေမယ့် နော့ဝှစ်ချ်၊ ဝုဖ်တို့လို အသင်းတွေကို ကျော်ဖြတ်ပြီး ဒီအဆင့်ရောက်လာတာ ဖြစ်သလို အသင်းလိုက်အားနဲ့ အိမ်ကွင်းကောင်းမွန်မှုရှိပါ တယ်။ မီဝေါလ် အနိုင်ရဖို့ ရှုန်းကန်ကစားရနိုင်တယ်။

မီလ်တန် Vs ဘန်စလေ ည ၉း၃၀ (၁၆-၂-၁၃)

(နောက်ဆုံးတွေ့ဆုံမှု)

(၁၉-၉-၀၆) *ဘန်စလေ ၁ - ၂ မီလ်တန်*

လိဂ်ဝမ်းကလပ် မီလ်တန်ဟာ ကျူပီအာကို အနိုင် ယူပြီး ဒီအဆင့်ရောက်လာတာဖြစ်လို့ လျှော့တွက်ဖို့ ခက်တယ်။အထူးသဖြင့် အိမ်ကွင်းကစားပုံမာကျောပြီး အသင်းလိုက်ကစားပုံလည်း တည်ငြိမ်လို့လိဂ်ချန်ပီယံ ရှစ်မှာ ခြေစွမ်းကျဆင်းနေကာ တန်းဆင်းဇုန်အတွင်း ရောက်နေတဲ့ ဘန်စလေကို ထိန်းချုပ်နိုင်မှာပါ။

အာဆင်နယ် Vs ဘလက်ဘန်း ည ၉း၃၀(၁၆-၂-၁၃)

(နောက်ဆုံးတွေ့ဆုံမှု)

(၄-၂-၁၂) *အာဆင်နယ် ၇ - ၁ ဘလက်ဘန်း*

ဆုဖလားလက်မဲ့ကာလတွေ အဆုံးသတ်နိုင်ဖို့ အတွက် အာဆင်နယ်အနေနဲ့ ဂရုစိုက်ကစားသွားမှာပါ။ ဒါပေမယ့် ဘလက်ဘန်းက ပရီမီယာလိဂ်အသင်းဟောင်း ဖြစ်သလို အသင်းလိုက်ကစားပုံမာကျောမှုရှိတဲ့အတွက် ကြောင့် အာဆင်နယ်မထင်မှတ်ဘဲ ရုန်းကန်ရနိုင်ပါတယ်။ အထူးသဖြင့် အာဆင်နယ်ဟာ ဒီပွဲအပြီးမှာ ဘိုင်ယန်မြူး နစ်နဲ့ ချန်ပီယံလိဂ်ကစားဖို့ရှိနေတဲ့အတွက် ဒီပွဲမှာ ခြေကုန် ထုတ်၊ လူစုံထုတ်သုံးဖို့လည်း ခက်နေပါတယ်။ ဒါ့အပြင် အာဆင်နယ်အသင်းရဲ့ တိုက်စစ်ကလည်း ဂိုးသွင်းခြေ မငြိမ်လို့ အာဆင်နယ်အနိုင်ရဖို့ ရုန်းကန်ရနိုင်တယ်။

အိုလ်ဟမ် Vs အဲဗာတန် နံနက် ၀၀း၀၀ (၁၇-၂-၁၃)

(နောက်ဆုံးတွေ့ဆုံမှု)

(၅-၁-၀၈) *အဲဗာတန် ၀ - ၁ အိုလ်ဟမ်*

အဲဗာတန်အနေနဲ့ ပရီမီယာလိဂ်မှာ ဥရောပ ဝင်ခွင့်ရရှိဖို့ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရတာကြောင့် ဒီပြိုင်ပွဲမှာ ဗိုလ်လုပွဲတက်နိုင်ဖို့အထိ ရည်မှန်းလာဖို့ရှိပါ တယ်။ ဒါ့အပြင် အဲဗာတန်ရဲ့ အသင်းလိုက်ကစားအား ကလည်း ကောင်းမွန်မှုရှိတာကြောင့် အိုလ်ဟမ်ကို တုံ့ပြန်ဖိအားပေးနိုင်မယ့် အခြေအနေမှာရှိနေပါတယ်။ အိုလ်ဟမ်ကလည်း စတုတ္ထအဆင့်မှာ လီဗာပူးကို တောင် အနိုင်ယူကျော်ဖြတ်နိုင်ခဲ့တဲ့အသင်းဖြစ်သလို အိမ်ကွင်းခြေစွမ်းပိုင်လည်း ကောင်းမွန်မှုရှိတဲ့အတွက် အဲဗာတန်လွယ်လွယ်နဲ့တော့အနိုင်မရနိုင်ဘူး။ အခက် အခဲရှိနိုင်တယ်။

(ဆက်လက်ဖော်ပြပါမည်)

နောင်ချို၌ အားကစားပြိုင်ပွဲများကျင်းပ

နောင်ချို ဖေဖော်ဝါရီ ၁၄

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် သဝဏ်လွှာဖတ်ပွဲနှင့် ဆုပေးပွဲ(စာစီစာကုံး) အခမ်းအနား ကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီခွဲတွင် နောင်ချိုမြို့ မြို့မအားကစားကွင်း၌ ကျင်းပခဲ့သည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖိုးထက်၏ ဦးဆောင်မှုဖြင့် ပိုက်ကျော်ခြင်း၊ စားပွဲတင် တင်းနစ်၊ ကြက်တောင်ရိုက်နှင့် ဂေါက်သီးရိုက်ပြိုင်ပွဲများ ကျင်းပ၍ ဆုများချီးမြှင့်ခြင်း၊ ညပိုင်းတွင် မြို့မဈေး အနောက်ဘက် ဈေးပတ်လမ်း၌ ခြင်းခတ်အလှပြိုင်ပွဲများ ကျင်းပခြင်း၊ ဆုများချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြ ကြောင်း သိရသည်။ **သန်းသန်းအေး(နောင်ချို)**

ဘာစီလိုနာနည်းပြ ဗီလာနိုဗာ နွေရာသီအပြောင်းအရွှေ့အတွက် ဒေးဗစ်လူးဝစ်ကို ပစ်မှတ်ထားနေ

စပိန်လာလီဂါ၏ ထိပ်တန်းအသင်းတစ်သင်း ဖြစ်သည့် ဘာစီလိုနာအသင်းသည် ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းမှ နောက်တန်းကစားသမား ဒေးဗစ် လူးဝစ်အား နူးကမ့်သို့ ခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ဘာစီလိုနာအသင်းနည်းပြ တီတိုဗီလာနိုဗာသည် လာမည့်နွေရာသီအပြောင်းအရွှေ့ဈေးကွက်တွင် ကစား သမားခေါ်ယူမှုနှင့်ပတ်သက်၍ ထိပ်ဆုံးမှခေါ်ယူရန် ပစ်မှတ်ထားသည့် ကစားသမားမှာ ချယ်လ်ဆီးနောက်တန်း ကစားသမား ဒေးဗစ်လူးဝစ်ဖြစ်ကြောင်းလည်း ဆိုသည်။

ဘာစီလိုနာအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် အားနည်းချက်ရှိနေသော ဗဟိုခံစစ်ကြောင်းကို ကွင်းလယ် ကစားသမားများဖြစ်သည့် အဲလက်စ်ဆောင်းနှင့် မာချီ ယာနိုစသည့် ကစားသမားများဖြင့် ပြန်လည်ဖြည့်တင်းနေရ သဖြင့် လာမည့်နွေရာသီအပြောင်းအရွှေ့ဈေးကွက်တွင် နောက်တန်းအတွက် ချယ်လ်ဆီးနောက်တန်းကစားသမား ဒေးဗစ်လူးဝစ်ကို ခေါ်ယူမည်ဖြစ်ကြောင်း နည်းပြဗီလာ နိုဗာကဆိုသည်။

ဒေးဗစ်လူးဝစ်သည် ၂၀၁၁ ခုနှစ်တွင် ပေါ်တူဂီကလပ် ဘင်ဖီကာအသင်းမှ ပြောင်းရွှေ့ကြေး ပေါင် ၂၁ သန်းဖြင့်

ခေါ်ယူထားခဲ့သူဖြစ်ပြီး ဘာစီလိုနာအသင်းအတွက် အသင့် တော်ဆုံး နောက်တန်းကစားသမားတစ်ဦးလည်းဖြစ် ကြောင်း ဗီလာနိုဗာက ပြောကြားခဲ့သည်။

ဒေးဗစ်လူးဝစ်သည် နောက်တန်းကစားသမားဟု ဆိုသော်လည်း ချယ်လ်ဆီးယာယီနည်းပြ ရာဖေးလ်ဘင်နီ တက်ဇ်၏ ဗျူဟာအခင်းအကျင်းကြောင့် ကွင်းလယ်တွင်ပါ မကြာခဏ ပါဝင်ကစားခဲ့ရသူဖြစ်သည်။

နိုင်လင်း ကြည်



မန်စီးတီးနှင့် အာဆင်နယ်တို့၏ စောင့်ကြည့်မှုခံထားရသော အေစီမီလန်တိုက်စစ်မှူး ရှာရာဝီ

ပရီမီယာလိဂ်အင်အားကြီးအသင်းများဖြစ်သည့် မန်စီးတီးအသင်းနှင့် အာဆင်နယ်အသင်းတို့သည် အီတလီစီးရီးအေကလပ် အေစီမီလန်အသင်း၌ ၂၀၁၈ ခုနှစ် တိုင်အောင် ဆက်ရှိနေမည်ဟု သတင်းများထွက်ပေါ်နေသော အေစီမီလန်တိုက်စစ်မှူး ရှာရာဝီအား ခေါ်ယူရန် စောင့်ကြည့်မှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

အီတလီနှင့် အေစီမီလန်တိုက်စစ်မှူး ရှာရာဝီသည် ယခုနှစ်ဘောလုံးရာသီတွင် အကောင်းမွန်ဆုံးခြေစွမ်းရရှိနေပြီး ပြိုင်ပွဲအားလုံးတွင် အသင်းအတွက် ၁၇ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည့် တိုက်စစ်မှူးတစ်ဦးဖြစ်သည်။

ထို့ကြောင့် ပရီမီယာလိဂ်မှ မန်စီးတီးနှင့် အာဆင်နယ်အသင်းတို့က စိတ်ဝင်စားလျက်ရှိကြောင်း လူသိရှင်ကြား ပြောကြားခဲ့သည်။ သို့ရာတွင် ပရီမီယာလိဂ်အသင်းများက စောင့်ကြည့်မှုများပြုလုပ်ထားသော်လည်း အေစီမီလန် တိုက်စစ်မှူး ရှာရာဝီသည် ဆန်စီရို၌ နောက်ထပ်ငါးနှစ်ဆက်ရှိနေလိမ့်မည်ဖြစ်ကြောင်း အီတလီသတင်းဌာနများက သတင်းဖော်ပြသည်။

ထို့အပြင် အေစီမီလန်အသင်းအနေဖြင့် တိုက်စစ်မှူး ရှာရာဝီအား ရောင်းချမည်ဆိုပါက ပြောင်းရွှေ့ကြေး ပေါင် ၃၄ ဒသမ ၇ သန်း ရရှိမှသာ ရောင်းချလိမ့်မည်ဖြစ်ကြောင်းလည်း သတင်းတွင် ဖော်ပြသည်။

မင်္ဂလာကုမ္ပဏီလီမိတက် ရန်ကုန်နှင့်မန္တလေးမြို့ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ခန့်အပ်ရန်အတွက် အောက်ပါဝန်ထမ်းများအလိုရှိသည်

ဖုန်း - ၂၄၆၇၆၂၊ ၂၄၆၇၆၃ (ပြည်တွင်း၌သာ ခန့်ထားရန်)

(ဝန်ထမ်းများအတွက် အစားအသောက်နှင့်နေထိုင်စရာတို့ကို ကုမ္ပဏီမှ စီစဉ်ပေးပါမည်။)

၁။ မင်္ဂလာကုမ္ပဏီလီမိတက် ရန်ကုန်နှင့်မန္တလေးမြို့ အဆင့်မြင့်ရုပ်ရှင်ရုံ များတွင် ခန့်အပ်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိသည်-

(က) မန်နေဂျာ/ဒု-မန်နေဂျာ ကျား(၅)ဦး
- အသက် (၃၀)နှစ်မှ (၄၅)နှစ်အတွင်းဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။
- M.P.A, M.B.A ဘွဲ့ရရှိသူကို ဦးစားပေးမည်။
- အုပ်ချုပ်မှုလုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။

(ခ) လ/ထမန်နေဂျာ(စီမံ/ကြီးကြပ်)(ပြသ) ကျား/မ(၆)ဦး
- အသက်(၂၅)နှစ်မှ (၄၀)နှစ်အတွင်း ဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။

(ဂ) လျှပ်စစ်/လေအေးစက်၊ ပြစက် ကျား(၆)ဦး
- အသက်(၄၅)နှစ်အောက်ဖြစ်ရမည်။
- A.G.T.I(M.P),(E.P),(E.C)၊ စက်မှုတက္ကသိုလ်မှ လျှပ်စစ်/လေအေးစက် ဘာသာရပ်၊ Electrical (သို့) Mechanical ဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံရှိသူများကို ပညာအရည်အချင်း လျှော့ပေါ့ စဉ်းစားပေးမည်။

(ဃ)တန်းမြဲ ရောင်း/သိမ်း ကျား/မ(၁၀)ဦး
- အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- အိမ်ထောင်မရှိသူ (လူပျို/အပျို)ဖြစ်ရမည်။

(င) လုံခြုံရေး/ယာဉ်ရပ်နားစခန်း ကျား(၁၀)ဦး
- အသက်(၂၀)နှစ်မှ (၄၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- စစ်မှုထမ်းဟောင်း (သို့) ရဲမှုထမ်းဟောင်းများဦးစားပေးမည်။

(စ) သန့်ရှင်းရေး ကျား/မ(၁၀)ဦး
- အသက်(၂၅)နှစ်အောက်ဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- အိမ်ထောင်မရှိသူ (လူပျို/အပျို)ဖြစ်ရမည်။

(ဆ) ထမင်းချက် မ (၃)ဦး
- အသက်(၂၃)နှစ်မှ (၄၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။

(ဇ) ယာဉ်မောင်း (Driver) ကျား(၂)ဦး
- အသက်(၂၅)နှစ်မှ (၄၀)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- လိုင်စင်သက်တမ်း(၃)နှစ်ရှိရမည်။
- ကားကြီး ကားလေးမောင်းနိုင်ရမည်။
- ကျန်းမာရေးကောင်းမွန်ပြီးမူးယစ်ဆေးဝါး မှီဝဲသုံးစွဲသူမဖြစ်စေရ။
- အိမ်ထောင်မရှိသူ (လူပျို)ဖြစ်ရမည်။

၂။ မင်္ဂလာကုမ္ပဏီလီမိတက်တွင် ခန့်အပ်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

(က) ရုံးအတွင်းရေးမှူး (Office Secretary) ကျား/မ(၄)ဦး
- အသက်(၂၁)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။
- ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
- ကွန်ပျူတာကျွမ်းကျင်မှုရှိရမည်။
- အင်္ဂလိပ်ဘာသာစကားအရေးအပြောကျွမ်းကျင်ရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။

(ခ) ဘာသာပြန် (Interpreter/Translator) ကျား/မ(၃)ဦး
- အသက်(၂၃)နှစ်မှ (၅၀)နှစ်အတွင်းဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
- အင်္ဂလိပ် (သို့) တရုတ် (သို့) ထိုင်း ကျွမ်းကျင်စွာ ဘာသာပြန်ဆိုနိုင်သူဖြစ်ရမည်။

(ဂ) ကွန်ပျူတာကျွမ်းကျင်သူ ကျား/မ(၃)ဦး
- အသက်(၂၀)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- ကွန်ပျူတာကျွမ်းကျင်မှုရှိရမည်။

(ဃ) စာရင်းကိုင်/စာရင်းစစ် ကျား/မ(၆)ဦး
- အသက်(၂၁)နှစ်မှ (၄၀)နှစ်အတွင်းဖြစ်ရမည်။
- စီးပွားရေးတက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။
- CPA,DA,LCCI III တစ်ခုခုအောင်မြင်ပြီးသူ ဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။

(င) ဟိုတယ်ဧည့်ကြို (Receptionist) ကျား (၂)ဦး
- အသက်(၂၀)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။
- အင်္ဂလိပ်ဘာသာစကားရေးနိုင်၊ ပြောနိုင်ရမည်။
- ကွန်ပျူတာကျွမ်းကျင်မှုရှိရမည်။

(စ) Hotel Waiter ကျား (၂)ဦး
- အသက်(၂၀)နှစ်မှ (၂၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။

(ဆ) Hotel Cook (ဟိုတယ်အချက်/အပြုတ်ကျွမ်းကျင်သူ) ကျား (၂)ဦး
- အသက်(၂၀)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။

(ဇ) Housekeeping ကျား/မ(၃)ဦး
- အသက်(၂၀)နှစ်မှ (၃၀)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။

အမှတ်စဉ်အားလုံးအတွက် ရုပ်ရည်သန့်ပြန့်ပြီး ကျန်းမာရေးကောင်းသူဖြစ်ရမည်။ လျှောက်ထားလိုသူများသည် (၂၂ - ၂ - ၂၀၁၃)ရက် နောက်ဆုံးထား၍ ပတ်စပို့ဓါတ်ပုံ(၂)ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ သက်ဆိုင်ရာမြို့နယ်ရဲစခန်းထောက်ခံချက်များနှင့်အတူ လိုအပ်သောအထောက်အထားများ တစ်ပါတည်းယူဆောင်၍ ရုံးချိန်အတွင်း မန်နေဂျာ-မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံ ဖုန်း-၂၄၆၇၆၂၊ ၂၄၆၇၆၃ အိမ်ကြီးစေး (D)ရုံ ရွှေဂုံတိုင်ဘုရားလမ်း ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

- မန္တလေးမြို့တွင် လျှောက်ထားသူများအတွက် MINGALAR DIAMOND CINEPLEX ဖုန်း-၀၉ ၄၀၂၅၇၅၆၄၁၊ ၄၀၂၅၇၅၆၄၂ သို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။
(စနေနေ့နှင့်တနင်္ဂနွေနေ့များတွင်လည်း လာရောက်လျှောက်ထားနိုင်ပါသည်။)
(ယခင်လျှောက်ထားပြီးသူများ ပြန်လျှောက်ရန်မလိုပါ။)

- မန်နေဂျာ၊ ဒု-မန်နေဂျာ၊ လျှပ်စစ်/လေအေးစက်ပြစက်ရောင်း/သိမ်းရုံအတွင်းရေးမှူး၊ ဧည့်ကြို၊ Waiter, Hotel Cook, Housekeeping၊ စာရင်းကိုင်၊ ကွန်ပျူတာဝန်ထမ်း လျှောက်ထားသူများအား(၂၃-၂-၂၀၁၃)ရက် (စနေနေ့) နံနက်(၁၀း၀၀)နာရီတွင်လည်းကောင်း၊

- လ/ထမန်နေဂျာ၊ တန်းမြဲ၊ လုံခြုံရေး၊ ကားပါကင်၊ ယာဉ်မောင်း(Driver)၊ ထမင်းချက်၊ သန့်ရှင်းရေး၊ ဘာသာပြန်ဝန်ထမ်းလျှောက်ထားသူများအား (၂၄-၂-၂၀၁၃)ရက် (တနင်္ဂနွေနေ့) နံနက်(၁၀း၀၀)နာရီတွင်လည်းကောင်း လူတွေ့စစ်ဆေးသွားမည်ဖြစ်ပါသည်။

(လူတွေ့စစ်ဆေးမည့်နေရာ-မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံ၊ ရန်ကုန်မြို့။)

အင်းတော်၌ မူးယစ်ဆေးဝါးဖမ်းဆီးရမိ

မော်လူး ဖေဖော်ဝါရီ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူး ရဲစခန်းမှ ရဲအုပ်ဖော်ဝင်းသည် ခရိုင်ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားမှုဖြင့် အင်းတော်မြို့နယ် မာန်ဟဲကျေးရွာအုပ်စု မြေပလ္လင်ရွာ၌ မူးယစ်ဆေးဝါးဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က မော်လူးရဲစခန်းမှ ရဲအုပ်ဖော်ဝင်း၏ ညွှန်ကြားချက်အရ ဒုရဲအုပ်အောင်အောင်သန်း၊ ဒုရဲအုပ် မင်းသိန်းထွန်း၊ သက်သေများဖြစ်သော မာန်ဟဲကျေးရွာနေ မီးသတ်တပ်စုမှူး ဦးဝင်းသိန်း၊ မော်လူးမှ ဦးသံချောင်း၊ အမျိုးသမီးသက်သေနှစ်ဦးတို့နှင့်အတူ မူးယစ်ဆေးဝါးသတင်းအရ မြေပလ္လင်ကျေးရွာအနောက်ဘက် မြောက်ဘက်ခြမ်းတံတားအနီး စောင့်ဆိုင်းနေစဉ် သံသယရှိသူ မြေပလ္လင်ရွာနေ မချောစု လမ်းလျှောက်လာနေသည်ကို တွေ့ရှိ၍ စစ်ဆေးရာ ၎င်းဝတ်ဆင်ထားသည့် လုံချည်ညာဘက်ခါးတွင်လိပ်၍ ယူဆောင်လာသော မူးယစ်ဆေးဝါး ဘိန်းဖြူဟုယူဆရသော အဖြူရောင်အမှုန့်အလေးချိန် ၂ ဒသမ ၅ ဂရမ်ခန့်ပါ အရက်ပြန်ဘူးအတွင်းထည့်လျက် ပလတ်စတစ်ဘူးတစ်ဘူး၊ ဘိန်းဖြူခြင်တွယ်ရာတွင် အသုံးပြုသည်ဟုယူဆရသော ပင်နီဆီလင်အခွံလွတ် တစ်ဘူး၊ ဝမ်းတူးအမျိုးအစားအဝါခံအပွင့်ပါ မိန်းမဝတ်လုံချည်တစ်ထည်တို့ကို ရှာဖွေတွေ့ရှိရ၍ ရှာဖွေပုံစံဖြင့် သိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးဝါးဥပဒေအရ အရေးယူရန် ဒုရဲအုပ်အောင်အောင်သန်းက တိုင်တန်းခဲ့သည်။

အမှုနှင့်ပတ်သက်၍ မာန်ဟဲကျေးရွာအုပ်စု မြေပလ္လင်ရွာနေ မချောစု(၂၂)နှစ် ဈေးရောင်းသူအား မော်လူးရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော မူးယစ်ဆိုင်ရာဥပဒေအရ မယ (ပ) ၄/၁၃ မူး/စိတ် ပုဒ်မ ၁၅/၁၆ (ဂ)အရ အရေးယူဆောင်ရွက်လျက်ရှိပြီး မြို့နယ်တရားရုံးသို့ တရားစွဲတင်ပို့နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(နီတိုး- အင်းတော်)

ဈေးအတွင်းလာရောက်စွန့်ပစ်သော ကလေးငယ် မွေးစားသူပေါ်ပေါက်

ပဲခူး ဖေဖော်ဝါရီ ၁၄

ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၇ နာရီခန့်က ပဲခူးမြို့ ဈေးပိုင်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးထံသို့ မြို့မဈေးကြီး လုံခြုံရေးကင်းမှူး ဦးသန်းဝင်းရောက်ရှိလာပြီး လမ်း ၂၀ ဈေးရုံကြီးအနီးရှိ ဈေးဆိုင်တစ်ခုအတွင်း ကလေးငယ်တစ်ဦးကို လာရောက်စွန့်ပစ်ထားကြောင်း အကြောင်းကြားသဖြင့် ရုံးအဖွဲ့မှ ဦးချမ်းအေး၊ ကင်းမှူး ဦးသန်းဝင်းတို့နှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ အဆိုပါကလေးအား ဈေးဆိုင်တစ်ခု၏ သေတ္တာခွံအတွင်း၌ ထည့်ထားပြီး အသက် တစ်နှစ်အရွယ် ယောကျာ်းလေးဖြစ်ကြောင်း သိရသည်။

ကလေးအား ဈေးပိုင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ ခေါ်ဆောင်ပြုစုထားစဉ် အမည်မဖော်လိုသူတစ်ဦးက ထိုကလေးကိုမွေးစားလိုကြောင်း ဆန္ဒပြုပြောကြားသဖြင့် ၎င်းအား လိုအပ်သော စိစစ်မှုများပြုလုပ်ပြီး သက်သေများရှေ့၌ ကိတ္တိမသားအဖြစ် မွေးစားသူဖြစ်ကြောင်း စာချုပ်တွင် လက်မှတ်ရေးထိုးစေပြီး ကလေးကိုပေးအပ်လိုက်ကြောင်း သိရသည်။ **(နေထက်ဝင်း)**

ရေတွင်းဆယ်ရာမှ အသက်ရှူမွန်းကျပ်ပြီး လူနှစ်ဦးသေဆုံး

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၅ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် သာရဘွင်ကျေးရွာနေ ဦးအေးငယ် (၄၇)နှစ်နှင့် မောင်လင်းဇော် (၂၂) နှစ်တို့သည် ဦးအေးငယ်၏ ခြံအတွင်း အချင်း ၁၀ ပေ၊ အနက် ပေ ၅၀ ခန့်ရှိ ရေတွင်းထဲသို့ ဆင်းကာ ရေတွင်းဆယ်ရာမှ အသက်ရှူမွန်းကျပ်ပြီး ရေတွင်းထဲ၌ လှုပ်ရှားမှုမရှိသည်ကို ရေတွင်းပေါ်၌ကြည့်နေသော မောင်တိုးငယ်က တွေ့မြင်သဖြင့် ရွာသူရွာသားများအား အကူအညီတောင်းခံ၍ ၎င်းတို့နှစ်ဦးအား ဆယ်ယူခဲ့သော်လည်း မြေပြင်သို့အရောက် ညနေ ၅ နာရီ ၄၅ မိနစ်တွင် ဦးအေးငယ်နှင့် မောင်လင်းဇော်တို့နှစ်ဦးစလုံး သေဆုံးသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ တရားမဝင်သစ်များဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ဖေဖော်ဝါရီ ၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် မန္တလေး-ဗန်းမော်ဗျူဟာကားလမ်း မောင်းကုန်းလမ်းဆုံ၌ တရားမဝင် အင်သစ် ၅၇ လုံး(၁၀ ဒသမ ၇၃၈)တန် တင်ဆောင်လာသည့် ကားတစ်စီးနှင့်အတူ သစ်ပိုင်ရှင် ဦးဝင်းကို မြတောင်ရွာနေသူနှင့် ယာဉ်မောင်း ဦးဝင်းနိုင်ထွန်း အရာတော်နေသူတို့နှစ်ဦးအား ဖမ်းဆီးရမိသည်။

ဖေဖော်ဝါရီ ၈ ရက်တွင် ကချင်ပြည်နယ် ရွှေကူမြို့နယ် နန့်ဖားကြိုးဝိုင်း နေရာနှစ်ခုမှ ကညင်သစ် ၄၁ လုံး(၅၀ ဒသမ ၁၂၄)တန်ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိသည်။

ဖေဖော်ဝါရီ ၇ ရက်မှ ၁၀ ရက်အထိ ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် တောတွင်း၌ တရားမဝင် ကျွန်း/သစ်မာ/အခြား ၆၂၅ လုံး/ချောင်း(၈၆ ဒသမ ၄၁၈၈)တန်၊ ကျောက်ဖူးကြိုးဝိုင်းမှ ကျွန်းခွဲသားကိုးချောင်း (၁ ဒသမ ၂၉၃၂) တန်နှင့် ကျွန်းခွဲသား ၃၅ ချောင်း(၃ ဒသမ ၈၄၂၂) တန်တို့ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိသည်။

ဖေဖော်ဝါရီ ၁၁ ရက်တွင် ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် အင်တောမြို့နယ်ခွဲ ကျောက်ဂူကျေးရွာအုပ်စု စပယ်ကုန်းကျေးရွာကုန်းအရှေ့ဘက် ငါးမိုင်ခန့်အကွာ၌ တရားမဝင်အင်ကြင်းသစ်လုံး/တိုင် ၄၆လုံး (၁၄ ဒသမ ၂၉၆၂)တန်ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နောင်ချိုဘူတာရုံ လက်ဖက်ရည်ဆိုင်ခုံပေါ်မှ မီးလောင်စေရန် ရည်ရွယ်ထားသော ကိရိယာတွေ့ရှိ

နောင်ချို ဖေဖော်ဝါရီ ၁၄

နောင်ချိုမြို့ ဘူတာရပ်ကွက် ဘူတာရုံအနီး သက်သာ လက်ဖက်ရည်ဆိုင် ခုံပေါ်မှ မီးလောင်စေတတ်သော ပစ္စည်းကိရိယာများ ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၅ နာရီခန့်က တွေ့ရှိရသည်ဟု သိရသည်။

ဖြစ်စဉ်မှာ ဘူတာရုံ၌ သက်သာလက်ဖက်ရည်ဆိုင် ဖွင့်လှစ်ထားသူ ဦးပြုံး(၄၇)နှစ် ဘူတာရပ်ကွက်နေထိုင်သူမှာ နံနက် ၅ နာရီခန့်က ဆိုင်ဖွင့်စဉ် လက်ဖက်ရည်ဖျော်သည့် ခုံပေါ်တွင် မီးလောင်ပေါက်ကွဲစေသော ပစ္စည်းများတွေ့ရှိသဖြင့် နောင်ချိုရဲတပ်ဖွဲ့စခန်းသို့ သတင်းပေးပို့ခဲ့သည်။

သက်ဆိုင်ရာ ရဲတပ်ဖွဲ့စခန်းမှ စခန်းမှူးရဲအုပ်စိုးလွင်ကြီးကြပ်၍ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ဇော်မျိုးလတ်နှင့် နယ်ထိန်းရဲတပ်ဖွဲ့ဝင်များက အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးကြရာ အခင်းဖြစ်ပွားရာနေရာတွင် ကိုးဗို့ဘက်ထရီငယ်တစ်လုံး၊ သုံးလက်မ ပတ်လည်ခန့် ချိန်ကိုက်နာရီအစိမ်းရောင်တစ်လုံး၊ အဖြူရောင် သုံးပုလင်းဝင် ပလတ်စတစ်ပုံးငယ်နှစ်ပုံး၊ ဝါယာကြိုးအနီ၊ အနက်နှစ်ချောင်း၊ ရေသန့်ဘူးခွံ တစ်ဘူး ထိပ်ပိုင်းဖြတ်လျက်နှင့် ဆက်သွယ်တပ်ဆင်သော ဂျက်ပင်တစ်ခုတို့အား တွေ့ရှိရပြီး အဆိုပါပစ္စည်းများမှာ ပေါက်ကွဲစေသည့် ဗုံးမဟုတ်ကြောင်း ဘက်ထရီ ရှော့တိုက်ပြီး မီးလောင်စေရန် ရည်ရွယ်ထားကြောင်း သိရှိရပြီး သက်ဆိုင်ရာရဲတပ်ဖွဲ့စခန်းမှ ဆက်လက်စုံစမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၄၂)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ဦးခင်မောင်မော်-ဒေါ်ဆွေဆွေဦးတို့၏သားထွေး
မောင်ရဲသူမော်(ခေတ္တ-စင်ကာပူ)
B.E(EP)
နှင့်
ဦးမျိုးမြင့်-(ဒေါ်ပန်းရင်)တို့၏ သမီးထွေး
မသွယ်ဇင်မျိုး(ခေတ္တ-စင်ကာပူ)
B.E (EP)
M.Sc (Power Engineering) Nanyang Technological University
တို့သည် ၁၄ ဖေဖော်ဝါရီ ၂၀၁၃ တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါသည်။
မောင်ရဲသူမော်နှင့် မသွယ်ဇင်မျိုး

မျိုး 380164 09 5017088 09 8626524

အာရှနဂါး
ချောင်းသာ / ငွေဆောင်
နံနက် / ည
Ph : 703790,09-861-9008
707062,09-861-7770

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph:209200,430480,544383

ဆုမွန်တောင်းတောင်းခြင်း

Managing Director(a.g.o.p Co.,Ltd)
နှင့်
Director (Tiger Supply Co.,Ltd)
a.g.o.p နှင့် creative flooring co.,ltd မှဝန်ထမ်းများ

အမြန်ရောင်းမည်

ဘုရင့်နောင်ကားပစ္စည်းဝင်း
ရုံကြီး(၇)(က)တန်း၊ အခန်းကျယ်
ဖုန်း-၀၉-၅၁၀၇၆၉၈
၀၉-၇၃၁၈၈၀၀၀
(ညှိနှိုင်းဈေး)

Japan Education Seminar ဖိတ်ကြားခြင်း

JASSO MAJA
Japan Education Seminar
UMFCCI Hall, 1st Floor
Tel: 098612151

BLT Air-Con Express
ကျိုက်ထီးရိုး 9000
ချောင်းသာ 10000
09-73163634, 09425033245

မိဘဂုဏ်(ကိုထွေး)အဆင့်မြင့်ဘလိတ်ခရီးသွားဆူးကြိုး အရောင်းခန်းမမှ

သံမဏိတ်သော စတီး ဘလိတ်ခရီးသွားဆူးကြိုးများကို ဈေးနှုန်းချိုသာစွာဖြင့်
တိုက်ရိုက် ရောင်းချ တပ်ဆင်ပေးနေပါသည်။
ရန်ကုန်အရောင်းခန်းမ - (Capital Hyper Market)
Ph : 09 - 50-64145, 09 - 49-276627, 09 - 4200-60449
နေပြည်တော်အရောင်းခန်းမ
Ph : 09 - 49-580855, 09 - 49-588063, 09 - 420-707316

မွေးနေ့မင်္ဂလာဆုတောင်း

ဒေါ်အေးအေးသန်း (သီရိသုဓမ္မသိင်္ဂီ)
ဒု-ဥက္ကဋ္ဌ၊ တော်ဝင်မိသားစုကုမ္ပဏီ
၏
၁၅-၂-၂၀၁၃ရက်တွင် ကျရောက်သည့်
မွေးနေ့မှသည် သက်ဆုံးတိုင် ချစ်သောမိသားစုနှင့်
ပျော်ရွှင်ချမ်းမြေ့သော ဘဝခရီးကို အောင်မြင်စွာ
လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်
အုပ်ချုပ်မှုဒါရိုက်တာများ
ဒါရိုက်တာများ
ရုံးချုပ်ဝန်ထမ်းများ
ဆောက်လုပ်ရေးဆိုဒ်ဝန်ထမ်းများ
စက်ရုံဝန်ထမ်းများ

မြန်မာ့ သံတော်ဆင့်

THE MYANMAR HERALD

အထက်မြန်မာပြည်သတင်း

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး အကြံပေးအဖွဲ့ ဖွဲ့စည်း

မန္တလေး ဖေဖော်ဝါရီ ၁၄

မန္တလေးမြို့တော်၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းလျက် မြို့တော်အင်္ဂါရပ်များနှင့်ညီအောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စနစ်တကျ ဖွံ့ဖြိုးတိုးတက်မှုဖြစ်စေရေး၊ မြို့တော်နေပြည်သူများ၏ လိုအပ်ချက်များအား အမြန်ဖြည့်ဆည်းပေးနိုင်ရေးတို့အတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ကဏ္ဍစုံလုပ်ငန်းများတွင် လိုအပ်သောအကြံဉာဏ်များပေးပြီး အထောက်အကူပြုနိုင်ရန် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အကြံပေးအဖွဲ့အား ဖေဖော်ဝါရီ ၁ ရက်က ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

အကြံပေးအဖွဲ့တွင် မြို့မိမြို့ဖများဖြစ်သည့် ဦးပိုမြင့်(ချမ်းအေးသာစံမြို့နယ်) ဦးဆောင်၍ အဖွဲ့ဝင်များအဖြစ် ဦးညွန့်မောင် (အောင်မြေသာစံမြို့နယ်)၊ ဦးအောင်သိန်း (အောင်မြေသာစံမြို့နယ်)၊ ဦးမြဝင်း(ချမ်းအေးသာစံမြို့နယ်)၊ ဦးလှထွန်း (ချမ်းအေးသာစံမြို့နယ်)၊ ဦးဝင်းဖေမြင့် (မဟာအောင်မြေမြို့နယ်)၊ ဦးကျော်ဝင်း (မဟာအောင်မြေမြို့နယ်)၊ ဦးလှကြွယ်(ချမ်းမြသာစည်မြို့နယ်)၊ ဦးမြင့်အောင် (ပြည်ကြီးတံခွန်မြို့နယ်)၊ ဦးသန်းမြင့်(အမရပူရမြို့နယ်) တို့ ပါဝင်သည်။

မန္တလေးတိုင်းဒေသကြီး လွှတ်တော်၊ ဥပဒေအထောက်အကူပြုကော်မတီကလည်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥပဒေနှင့် နည်းဥပဒေကို ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ပြည်သူကိုယ်စားလှယ်များ ပါဝင်သော ကော်မတီတစ်ရပ်ဖြင့် ရွေးချယ်တင်မြှောက်ဖွဲ့စည်းနိုင်ရန် ပြင်ဆင်ရေးဆွဲလျက်ရှိကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

လူမှုကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၁၄

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (မြန်မာ)တို့က ကြီးမှူးကျင်းပသော တိုင်းဒေသကြီးအဆင့် လူမှုကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁ ရက်က မန္တလေးမြို့ စွမ်းဟိုတယ်၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် လူမှုဖူလုံရေးအဖွဲ့ ဥက္ကဋ္ဌ ဦးယုလွင်အောင်က လူမှုဖူလုံရေးဥပဒေနှင့် လူမှုရေးအကာအကွယ်ပေးမှု၊ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်က မြန်မာ့လူ့အဖွဲ့အစည်း၌ လူမှုရေးကာကွယ်စောင့်ရှောက်မှု လိုအပ်ရသည့် အကြောင်းအရင်းများ၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ အတိုင်ပင်ခံ ဒေါက်တာဖုန်းမြင့်က မန္တလေးတိုင်းဒေသကြီးအတွင်း ကလေးသူငယ်များ အခြေအနေသုံးသပ်ချက်၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့၊ လူမှုရေးမူဝါဒဆိုင်ရာ အကြံပေးမစ္စကင်မ်တီပန်ဂျ်တန်က မန္တလေးတိုင်းဒေသကြီးတွင် ကလေးသူငယ် ရှေးရှုလူမှုကာကွယ်စောင့်ရှောက်မှု လိုအပ်ချက်များကို တင်ပြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် လူမှုကာကွယ်စောင့်ရှောက်မှု အခန်းကဏ္ဍနှင့် အရေးပါပုံ၊ မန္တလေးတိုင်းဒေသကြီးရှိ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၏ ပကတိအခြေအနေ၊ တိုင်းဒေသကြီးအစိုးရ၏အခန်းကဏ္ဍနှင့် လုပ်ဆောင်နိုင်မှုများကို တာဝန်ရှိသူများက ဆွေးနွေးကြကြောင်းသိရသည်။

မောင်ပြည်သူ (မန္တလေး)

နှစ်ဆန်းတွင်လှုပ်ခတ်ခဲ့သည့် တောင်ကြီးမြေဈေးကွက်

တောင်ကြီး ဖေဖော်ဝါရီ ၁၄

တောင်ကြီးမြို့၏ မြေ/အိမ်/တိုက်ခန်းဈေးကွက်များ ၂၀၁၂-၂၀၁၃ တွင်ဈေးအေးခဲ့သည့် မြို့လယ်နှင့် မြို့ပတ်လမ်းတစ်လျှောက် ဈေးများမာခဲ့သည်။ ပေ၄၀ × ပေ ၄၀ ဝန်းကျင် အိမ်ရာဆိုဈေး သိန်းတစ်ထောင်နှင့်အထက်တွင်လည်းကောင်း၊ ဆင်ခြေဖုံးဟု ဆိုနိုင်သည့် ကျောင်းကြီးစု၊ ကံကြီး၊ ဘုရားဖြူရပ်ကွက်များတွင်လည်း ပေ၄၀ × ပေ၄၀၊ ပေ၄၀ × ပေ ၆၀၊ ပေ၆၀ × ပေ ၈၀ အစရှိသည့် မြေကွက်အနေအထား၊ ပတ်ဝန်းကျင်အခြေအနေအလိုက် သိန်း ၅၀၀ နှင့်အထက်ရှိသဖြင့် အရောင်းအဝယ်အေးခဲ့သည်။

၂၀၁၃ အစတွင် ညီမီးဒေသမြို့သစ်စီမံကိန်းပေါ်ထွန်းခဲ့မှုကြောင့် အဝင်လမ်းမကြီးဝန်းကျင်မြေကွက်များ အဝယ်လိုက်ခဲ့ပြီး သိန်း ၂၀ မှ ၅၁ သိန်းဝန်းကျင်ထိ ဈေးမြင့်ခဲ့သည်။ အဆိုပါ ညီမီးမြို့သစ်စီမံကိန်းသည် တောင်ကြီး-ကက္ကူသွားလမ်း လေးမိုင်ခန့်မှ အတွင်းသို့ဝင်ပြီး ကွက်သစ်များဖော်ထုတ်ထားခြင်း ဖြစ်သည်။ ၎င်းအပြင် တောင်ကြီးမြို့တွင် ဆေးတက္ကသိုလ်တစ်ခု တည်ဆောက်မည့်သတင်းကြောင့် ညီမီးမြေဈေးကွက်အပြင် ဟိုပုံးမြို့အတွက် ကွန်ပျူတာတက္ကသိုလ်၏ဝန်းကျင်နှင့် တောင်ကြီး -ဟိုပုံးကားလမ်း အနောက်ဘက်မြေဈေးများပါ တစ်ဟုန်ထိုးဈေးတက်ပြီး လှုပ်ခတ်ခဲ့ပါကြောင်း ရေးသားအပ်ပါသည်။

နိုင်ထွန်း (TGI)

နိုင်ငံခြားခရီးသွားများ မြန်မာနိုင်ငံအတွင်း လွတ်လပ်စွာလေ့လာ

မိတ္ထီလာ ဖေဖော်ဝါရီ ၁၄

ဖေဖော်ဝါရီ ၁၂ ရက်က မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့တွင် နိုင်ငံခြားသားဧည့်သည်များ အဖွဲ့လိုက် လွတ်လွတ်လပ်လပ် သွားလာနေကြသည်ကို တွေ့မြင်ရသည်။ နိုင်ငံတော်အတွက် နိုင်ငံခြားအခွန်ငွေများရရှိရုံသာမက မြို့နယ်အတွင်းရှိ ဈေးဆိုင်များနှင့် စားသောက်ဆိုင်များမှ လုပ်သားပြည်သူ ဈေးသူဈေးသားများ ဝင်ငွေများစွာရရှိကြသည်။**(အပေါ်ပုံ)**

မြန်မာစကားပြန် အမျိုးသမီးတစ်ဦးမှ ဦးဆောင်၍ မိတ္ထီလာမြို့အတွင်း နိုင်ငံခြားသားများအဖွဲ့လိုက် ခြေကျင်လျှောက်၍ အသေးစိတ်လိုက်လံလေ့လာပြီး စားသောက်ဆိုင်တစ်ဆိုင်တွင် စားကောင်းသောက်ဖွယ်များမှာယူ၍ စားသောက်နေကြသည်ကို တွေ့မြင်ရသည်။

တင်ဦး (ရမည်းသင်း)

မန္တလေးမြို့ ကွက်သစ်ဖော်ထုတ်ရေးအဖွဲ့မှ ချထားပေးသော မြေကွက်များတွင် အဆောက်အအုံဆောက်လုပ်ရန် အသိပေး

မန္တလေး ဖေဖော်ဝါရီ ၁၄

မန္တလေးမြို့ ကွက်သစ်ဖော်ထုတ်ရေးအဖွဲ့မှ ချထားပေးသောမြေကွက်များတွင် ခြံစည်းရိုးကာရံခြင်း၊ အဆောက်အအုံ ဆောက်လုပ်မှုမရှိခြင်းတို့ကြောင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေပြီး အများအမြင်တွင် တင့်တယ်မှုမရှိခြင်း၊ ကျူးကျော်နေထိုင်သူများ ဝင်ရောက်နေထိုင်မှုကြောင့် အုပ်ချုပ်မှုဆိုင်ရာ ပြဿနာများ ဖြစ်ပေါ်လျက်ရှိသည်။

သို့ဖြစ်၍ မြို့ကွက်သစ်ဖော်ထုတ်ရေးလုပ်ငန်းအဖွဲ့မှ ချထားပေးသော မြေကွက်များတွင် ခြံစည်းရိုးကာရံခြင်းအား မတ် ၃၁ ရက်နောက်ဆုံးထား၍ လည်းကောင်း၊ အဆောက်အအုံဆောက်လုပ်ခြင်းအား ဒီဇင်ဘာ ၃၁ ရက်နောက်ဆုံးထားဆောင်ရွက်ရန်နှင့် သတ်မှတ်ရက်အတွင်း ဆောင်ရွက်မှုမရှိပါက မြို့ပြသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်သွားနိုင်ရန် ချထားပြီး မြေကွက်များ ပြန်လည်သိမ်းယူသွားမည် ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက အသိပေးကြေညာထားသည်။

သီဟကိုကို(မန္တလေး)

သဘာဝပတ်ဝန်းကျင် ချစ်ခင်သူတို့၏ ကြွပ်ကြွပ်အိတ်ကောက်ပွဲ

စစ်ကိုင်း ဖေဖော်ဝါရီ ၁၄

စစ်ကိုင်းခရိုင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးငွန်ခါး၊ မြို့နယ်ဦးစီးအရာရှိ ဦးတင်စိုးနှင့် ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၆ နာရီတွင် စစ်ကိုင်းမြို့ ပါရမီရပ် စည်းခုံကြီးဘုရားပတ်ဝန်းကျင်နှင့် ဧရာဝတီတံတား (ရတနာပုံ)အဝင် မုံရွာ၊ မန္တလေးကားလမ်းဘေးဝဲ၊ ယာ အဝေးပြေးကားကြီးဝင်း ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးအတွက် ပလတ်စတစ်အိတ်များ၊ ကြွပ်ကြွပ်အိတ်များ စုပေါင်းကောက်ယူပွဲကို ကျင်းပရာ စစ်ကိုင်းမြို့ မြို့မိမြို့ဖ အဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ စုစုပေါင်း ၁၅၀ တို့ လုပ်အားပေးကောက်ယူကြပြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ မော်တော်ယာဉ်နှစ်စီးဖြင့် ပလတ်စတစ်အိတ်၊ အမှိုက်များ သယ်ယူပြီး သတ်မှတ်နေရာတွင် စွန့်ပစ်ခဲ့သည်။

ယခုလို ပလတ်စတစ်အမှိုက်ကင်းစင်ဖို့ ပလတ်စတစ်အမှိုက်တွေရဲ့ ဆိုးကျိုးတွေကို ပြည်သူများသိအောင် ပညာပေးဆောင်ရွက်ခြင်းဖြစ်ပြီး ပလတ်စတစ်အမှိုက်ကောက်ပွဲတွင် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များမှ လိုအပ်သည်များကို လက်တွဲဆောင်ရွက်ခြင်းသည် ပွင့်လင်းမြင်သာခြင်း၏ အသီးအပွင့် ရလဒ်ဖြစ်ပြီး ပြည်သူများ ပလတ်စတစ်အိတ် တစ်အိတ်၏ ဆိုးကျိုးများကို သတိပြုကြရန် တိုက်တွန်းရေးသားလိုက်ပါသည်။

(၂၂၅)

နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရန်ဆွေးနွေး

မန္တလေး ဖေဖော်ဝါရီ ၁၄

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အမေရိကန်ပြည်ထောင်စု ACO Investment Group မှ CEO Mr. Harl Achurhan နှင့် Great Chance Co., Ltd မှ ကိုယ်စားလှယ်အဖွဲ့တို့သည် ဖေဖော်ဝါရီ ၁ ရက်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ ဧည့်ခန်းမ၌ မန္တလေးတိုင်းဒေသကြီးအတွင်း နေရောင်ခြည်စွမ်းအင်သုံး (Solar Power Plant) များ တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန် ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးကြကြောင်း သိရသည်။ **မောင်ပြည်သူ (မန္တလေး)**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန အထည်အလိပ်လုပ်ငန်း၊ ရန်ကုန်ကြားစခန်းသိုလှောင်ရုံရှိ ထုတ်ကုန်ပစ္စည်းများကို ဈေးကွက်ပေါက်ဈေးဖြင့် ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ရောင်းချမည့်ပစ္စည်းများ	-	ပန်းရိုက်ပိတ်အမျိုးမျိုး၊ အဖြူချွတ်ဆေးဆိုးထည်များ၊ သက်န်း(ဒွိစုံ)အမျိုးမျိုး၊ ခြင်ထောင်အမျိုးမျိုး၊ ချုပ်ထည်များ၊ ထိုးထည်များ၊ စွပ်ကျယ်အမျိုးမျိုး၊ တီရှပ်အမျိုးမျိုး၊ လုံချည်အမျိုးမျိုး
၃။ တင်ဒါပုံစံရောင်းချမည့်ရက်	-	၁၄-၂-၂၀၁၃ ရက်မှ ၂၅-၂-၂၀၁၃ရက်အထိ (ရုံးချိန်အတွင်း)
၄။ တင်ဒါပုံစံရောင်းချမည့်နေရာ	-	(က) ရုံးအမှတ်(၃၇)၊အထည်အလိပ်လုပ်ငန်း၊ ရောင်းချဖြန့်ဖြူးရေးဌာန၊ နေပြည်တော် (ခ) အမှတ်(၁)အထည်စက်ရုံခွဲ၊ မရမ်းကုန်း(၇)မိုင်၊ (၇)ဖာလုံ ရန်ကုန်-အင်းစိန်လမ်း(ဈေးကွက်ရှာဖွေရေးရုံး)
၅။ တင်ဒါပေးသွင်းရမည့် နောက်ဆုံးရက် အချိန်နေရာ	-	၂၆-၂-၂၀၁၃ ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီ ရုံးအမှတ်(၃၇) နေပြည်တော်

၆။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၁၅၆၊ ၀၆၇-၄၀၈၁၅၇၊ ၀၆၇-၄၀၈၂၁၃၊ ၀၆၇-၄၀၈၃၆၉၊ ၀၁-၆၆၁၃၀၅၊ ၀၉ ၅၀၃၄၀၂၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အထည်အလိပ်လုပ်ငန်း

ဖေဖော်ဝါရီ ၁၁ ရက်က မန္တလေး-ပြင်ဦးလွင်လမ်း မိုင်တိုင်(၂၀/၄) ၌ သစ်ပင်၏ပင်စည်အခြေထက်ဝက် ခန့်ကို ခုတ်ထွင်းထားပြီး လမ်းဘက်သို့ တိမ်းစောင်းနေသည့် အန္တရာယ်ရှိသစ်ပင်ကို တွေ့ရစဉ်။ (၆၁၄)

မန်းမြို့တော်ပေါက်စီ ဗုဒ္ဓတက္ကသိုလ်မှ လှိုက်လှဲစွာဖိတ်ခေါ်ခြင်း

ဗုဒ္ဓနည်းလမ်းကျ နိဗ္ဗာန်ရောက်ကြောင်းကျင့်စဉ်များကို ကိုယ်တိုင်အားထုတ်လို၍ဖြစ်စေ၊ ဗဟုသုတရှာဖွေလို၍ဖြစ်စေ၊ လေ့လာဆည်းပူးလိုသည်များကို ဆောင်ရွက်နိုင်ရန် လှိုက်လှဲစွာ ဖိတ်ခေါ်အပ်ပါသည်။

ယခုအချိန်တွင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအာစိဏ္ဏ(ဖားအောက်ဆရာတော်ကြီး)မှ တစ်ဆယ့်ငါးနိုင်ငံမှ ကြွရောက်လာကြသော ရဟန်း၊ သီလရှင်၊ ယောဂီ (၁၈၀)ကျော်အား နေ့/ညမပြတ် အနီးကပ် သင်ကြားပို့ချလျက်ရှိနေသည်မှာ များမကြာမီ ပြီးဆုံးတော့မည် ဖြစ်ပါသည်။

နိုင်ငံရပ်ခြား သာသနာပြုခရီးစဉ်ရှိပါ၍ နောက်တစ်ဖန် ရရှိနိုင်မည့်အခွင့်အရေးမှာ ၂၀၁၅ ခုနှစ် ဇူလိုင်လပိုင်းလောက်တွင်မှ ရရှိနိုင်တော့မည်ဖြစ်ရာ လက်ရှိအချိန်တွင် ရရှိမည့်အခွင့်အရေးကို တန်ဖိုးအရှိဆုံး အသုံးချနိုင်ရန် လှိုက်လှဲစွာ အသိပေးဖိတ်ခေါ်အပ်ပါသည်။

မန်းမြို့တော်ပေါက်စီ ဗုဒ္ဓတက္ကသိုလ်
PA AUK TAW YA BUDDHIST UNIVERSITY
မိုင်တိုင်(၃၁)၊ ကျောက်ဖျာဒိုးကျေးရွာ၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉ ၂၀၁၄၆၄၆၊ ၀၉ ၆၈၁၅၅၁၉

ပြည်တွင်းရေးရာ

ဝယ်ယူစားသုံးရန် ရောင်းသူနည်းပါးသော မြန်မာ့ရိုးရာပဲပင်ချဉ်

ပဲတီကိုအပင်ဖောက်ရသည်ဆိုသည့် စာတန်းလေးကိုတော့ မူလတန်းပညာသင်ခဲ့စဉ် လူတိုင်းဖတ်ဖူးကြလိမ့်မည်။ လူတိုင်းလည်း မှတ်မိကြပါလိမ့်မည်။ သို့သော် ပဲတီအပင်ပေါက်ကို လည်းကောင်း၊ ပဲတီအချဉ်စိမ်ကို လည်းကောင်း စားသုံးသူနည်းပါးပေလိမ့်မည်။

ပဲပင်ချဉ်ဆိုသည်မှာ တခြားမဟုတ်ပါ။ ပဲတီစိမ်းများကို အညှောင့်ဖောက်ပြီး အချဉ်စိမ်သောပဲပင်ကို ပဲပင်ချဉ်ဟုခေါ်သည်။ ပဲပင်ချဉ်ကို မည်သည့်ဈေးမှာမျှ ဝယ်ယူစားသုံးရန်မလွယ်၊ မြို့ကြီးပြကြီးဈေးများတွင်လည်း ပဲပင်ချဉ်ကို များများစားစားရောင်းသူမရှိ နည်းပါးလှသည်။ ပဲပင်ချဉ်အရသာမှာ ချဉ်ဆိမ့်အရသာရှိသည်။ ကြက်သွန်ကြီးလှိုင်လှိုင်ထည့် ဆီသင့်ရုံနှင့် သုပ်စားလျှင် လူတိုင်းနှစ်သက်ကြသည်။ စားဖူးသူတိုင်းလည်း ကြိုက်နှစ်သက်သော အစားအစာတစ်မျိုးဖြစ်သည်။

လူတို့နေ့စဉ်လိုအပ်သော ဗီတာမင်ဓာတ်ပေါင်းစုံနှင့် လည်းပြည့်စုံသည်ဟု ဆရာဝန်တင်ရွှေ ရေးသားသော စာအုပ်တွင် ဖတ်ဖူးသည်။ မြန်မာဆေးသမားတော်များကလည်း ပဲပင်သည်သွေးတက်စာ၊ သွေးအားကောင်းစေသော အစာဖြစ်သည်ဟု ဆိုကြသည်။ ဥတုဘောဇနကျမ်းတွင်လည်း ပဲပင်သည် ဆိမ့်၏၊ တိတ်၏။ ထို့ကြောင့် လူတိုင်းနှင့်သင့်၏ဟု ဆိုထားသည်။

ယနေ့ခေတ်မှာတော့ ရောင်းသူနည်းပါးပြီး အလှူပွဲများတွင်သာ တွေ့ရသည်။ စားသုံးရသည်။ အလှူပွဲများတွင်သာ စားလို့ရသည်ဆိုရာ၌ ကြိုတင်ပြုလုပ် စီစဉ်မှသာရသော အစားအစာတစ်မျိုးဖြစ်သည်။ သူ့ရက်နှင့်သူ ချိန်၍ အချိန်ကိုက်စီစဉ်ရသည်။ ပြုပြင်စီစဉ်ရသည်။ ကရိကထများသည်။ သို့အတွက်ကြောင့် အလှူပွဲတိုင်းလည်း မကျွေးမွေးကြပေ။ အချို့က ပဲပင်ချဉ်ကျွေးလျှင် ဒုက္ခများသည်ဆိုပြီး ပဲပင်ချဉ်အစားသရက်ချဉ်ကို သုံးစွဲသူများရှိကြသည်။ အလှူပွဲလာသမျှ ပရိသတ်အားလုံးကျွေးမွေးရန်အနည်းဆုံး တစ်တောင်းမှ နှစ်တောင်းအထိ အပင်ဖောက်ကြရသည်။ ထိုသို့ ပဲပင်ကို အပင်ဖောက်ရာတွင် တစ်ဦးတစ်ယောက်လုပ်၍မရ အများစုပေါင်းပြုလုပ်ရသည်။ အလှူပွဲကို ပင့်ဖိတ်ထားသော သံဃာတော်များနှင့် ပရိသတ်အားလုံးကို ကျွေးမွေးရန် အများဝိုင်းဝန်းဆောင်ရွက်ရသည်။ ပဲပင်လုပ်ငန်းကို လူရွယ်များကောင်းကောင်းမလုပ်တတ်ကြပေ။ အသက်အရွယ်ကြီးရင့်သော ပုဂ္ဂိုလ်များလောက်သာ လုပ်တတ်ကြသည်။

ပဲပင်ချဉ်ကို ကျေးလက်တောရွာများတွင်သာ လုပ်ကိုင်ကျွေးမွေးကြသည်။ ပဲပင်ကို ကျေးလက်တောရွာတွင် အလှူအိမ်မှ ပဲတီစိမ်းကို တစ်အိမ်လျှင် တစ်ပြည်နှုန်းစိမ်၍ ပဲပင်ကို အညှောင့်ဖောက်ရသည်။ အညှောင့်ဖောက်ရန်အတွက် အလှူမတိုင်မီ ၁၀ ရက်စာ ကြို၍ပေးရသည်။ ပဲတီစိမ်း တစ်အိမ်တစ်ပြည် အညှောင့်ဖောက်ရန် သုံးစွဲသည့်ပစ္စည်းများမှာ အသန့်ကြိုက်သည်။ ပဲတီအညှောင့်ဖောက်ရန်အတွက် ပထမဦးဆုံး ရေနွေးကျိုချက်ရသည်။ ရေနွေးကျို၍ ပဲတီစိမ်းတစ်ပြည်ကို ရေနွေးဖျောရသည်။ ရေနွေးဖျောပြီးသည်နှင့် တစ်ပြိုင်နက်သောက်ရေအိုးအရွယ် အိုးသစ်တစ်လုံးထဲထည့်ပြီး အဝတ်နှင့်စည်းပြီး စိမ်ရသည်။ အဝတ်နှင့် စည်းပိတ်ပြီး အိုးကိုမှောက်ထားရသည်။ ထိုကဲ့သို့ မှောက်ကာ သုံးရက်ထားရသည်။ သုံးရက်ပြည့်ပြီဆိုတာနှင့် တစ်တင်းဝင် တောင်းသစ်ထဲ ပြောင်းထည့်ရသည်။ ထိုသို့ ပြောင်းထည့်ပြီး အပေါ်မှ တမာတိုင် ကုက္ကိုကိုင်းများအုပ်ထားပြီး နံနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညတစ်ကြိမ် တစ်နေ့သုံးကြိမ် ရေဖျန်းပေးရသည်။ ရေဖျန်းပေးလျှင် သန့်ရှင်းသောရေနှင့် ဖျန်းပေးရသည်။ တောင်းထဲတွင် သုံးရက်ရေဖျန်းပေးခြင်းဖြင့် အညှောင့်များပြူထွက်လာသည်။ ပဲပင်ပေါက်များ သန်လာသည်။ ထိုသို့ အပင်ပေါက်လာသော အညှောင့်ပေါက်ပဲပင်များကို အလှူပြုလုပ်မည့် အိမ်သို့ အားလုံးပို့ကြရသည်။ အလှူအိမ်သို့ရောက်သော် သန်မာသော အမျိုးသား ၁၀ ဦးခန့်က ပဲပင်ပေါက်များကို ဆားနှင့် နယ်ကြသည်။ ဝင်းဝင်းဝါဝါဖြစ်လိုလျှင် နနွင်းနှင့်ထပ် နယ်သေးသည်။ ပဲပင်ပေါက်များကို နယ်ပြီး အချိန် ၅၀ဆံ့ စဉ့်အိုးများနှင့်သိပ်ထည့်ပြီး ဆန်ဆေးရည်လောင်းထည့်ရသည်။ အပေါ်မှသန့်ရှင်းသော အဝတ်များ ပိတ်ပြီး ကျောက်ခဲဖိထားရသည်။ ထိုသို့ ဖိသိပ်ပြီး အိုးမှောက်ထားသည်မှာ သုံးရက်ထားပြီး နောက်တစ်နေ့ အလှူပြုလုပ်သည့်နေ့တွင် စဉ့်အိုးတစ်လုံးပြီးတစ်လုံး ဖောက်ပြီး ပဲပင်ချဉ်ကို ဆီ၊ ကြက်သွန်ကြီး နိုင်နိုင်နှင့်သုပ်၍ ဟင်းတစ်မည်အဖြစ် ဧည့်ခံကျွေးမွေး ကြသည်။ သို့အတွက် ပဲပင်ချဉ် ကျွေးမွေးရန် စီစဉ်သူများသည် တစ်ရွာလုံးကုသိုလ်ရသည်ဟု ဆိုကြသည်။ တစ်ရွာလုံး စေတနာထက်သန်စွာနှင့် စိတ်ရှည်လက်ရှည် စီစဉ်ရသည်။ ပဲပင်ချဉ်ကျွေးသော အလှူမှာ အထူးကုသိုလ်ရသည်ဟု ဆိုသည်။ တစ်ရွာလုံး ကုသိုလ်ရသည်ဟုဆိုရပေမည်။ ထို့ကြောင့်လည်း

အလှူသို့ လာရောက်စားသောက်ကြသော ရဟန်းရှင်လူများ သာဓုခေါ်ဆိုစားသုံးကြသည်။ အလှူကြီးသော်လည်း ပဲပင်ချဉ်များပိုခဲ့သော် ပဲပင်ချဉ်ကို ဆွေမျိုးများအား ဝေငှပေးရန်အတွက် အလုံးလက်သီးဆုပ်ခန့်လုံး၍ ဝေငှကြသည်။ တစ်ရွာလုံး လိုက်ဝေသည်။ လက်သီးဆုပ်ခန့် ပဲပင်ချဉ်လုံးတစ်လုံးဟာလည်းတော်တော်နှင့် ဝေငှမကုန်နိုင်ပါဟု ပဲအညှောင့်ဖောက်ကျွမ်းကျင်သူ မအေးမာထံမှ သိရသည်။

ပဲပင်နှင့် ပတ်သက်၍ အလှူအိမ်တွင် လုပ်အားတန်ဖိုးအတွက် မည်သည့်အခကြေးငွေမျှမကုန်ဘဲ စေတနာမေတ္တာနှင့် ကုသိုလ်ကို မျှဝေယူရကြောင်း ပဲပင်လုပ်ငန်းသာမက အခြားအလှူအိမ်နှင့် ပတ်သက်သော အလုပ်များကို ကူညီဆောင်ရွက်ကြကြောင်း ယမ်းဆမ်းကျေးရွာ ဒေါ်စိန်ပိုထံမှ သိရသည်။ သို့အတွက်ကြောင့် ဝယ်ယူစားသုံးရန် ငွေရှိသော်ငြားလည်း ရောင်းသူမရှိ နည်းပါးသည့် ပဲပင်ချဉ်သည် ယနေ့ခေတ် ညောင်ဦးနယ်ကျေးလက်ဒေသ ရှင်ပြုအလှူပွဲများတွင်သာ စားသုံးရတော့သည်။ ယခုလို စားသုံးရသည့်အတွက်လည်း ရှေးမြန်မာရိုးရာ ပဲပင်ချဉ်ကျွေးမွေးသော အရပ်ဒေသများကို ဤဆောင်းပါးဖြင့် ကျေးဇူးတင်ရှိပါကြောင်း။ ။

ကျော်ဌေး(ညောင်ဦး)

ဈေးကွက်လှုပ်ရှား မြန်မာ့ဝါး

မုံရွာ ဖေဖော်ဝါရီ ၁၄

ဝါးထရံရက်ရန်နှင့် နေအိမ်အဆောက်အအုံ ဆောက်လုပ်ရာတွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံမှ ထွက်ရှိသည့်ဝါးများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက နှစ်သက်သဘောကျကာ ကမ်းလှမ်းဝယ်ယူမှုများပြီး ကွမ်းတိုင်ဝါးနှင့်ကျူရိုးဝါးများကို ကွမ်းခြံစိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် ဝယ်ယူနေရာ မြန်မာ့ဝါးဈေးကွက်သွက်လက်နေကြောင်း သိရသည်။ မြန်မာ့ဝါးကို ဘင်္ဂလားဒေ့ရှ်မှ နှစ်သက်၍ကမ်းလှမ်းရာ မောင်တောနယ်စပ် ကုန်သွယ်ရေးဒေသမှ တစ်ဆင့် တင်ပို့ရောင်းချနေရပြီဖြစ်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏သတင်းအရ ဇန်နဝါရီလအတွင်း ၂၃ ရက်မှ ၂၉ ရက်ထိ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၃ သန်း တန်ဖိုးရှိ ဝါးတန်ချိန် ၂၉၁၉ တန်တင်ပို့ ပေးခဲ့ရကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့နေသည့် ဝါးအကြီးအုပ်စုတွင် ပါဝင်သော ကရင်ဝါး၊ မျှစ်ဝါးနှင့်ကြသောင်းဝါးများပါဝင်ပြီး ဝါးအသေးအုပ်စုတွင် ကွမ်းတိုင်ဝါး၊ ကျူရိုးဝါးများ ပါဝင်ကြောင်း၊ဘင်္ဂလားဒေ့ရှ်နိုင်ငံဈေးကွက်တွင် ဝါးအကြီးတစ်လုံးလျှင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသုံးငွေ၁၁ ကာတာနှင့် ဝါးအသေးတစ်လုံးလျှင် ၂ ကာတာနှုန်း ပေါက်ဈေးရရှိကြောင်း သိရသည်။

မျိုးဝင်းထွန်း (မုံရွာ)

သာကေတမြို့နယ်၊ ရှခင်းသာလမ်းမကြီး၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောဆိပ်ကမ်းဝင်းအတွင်းရှိ

HTET OO MARITIME TRAINING INSTITUTE

တွင် DMA အသိအမှတ်ပြုလက်မှတ်ကိုင်ဆောင်ထားသော ဝါရင့်ရေယာဉ်မှူးအရာရှိအရာခံနှင့် ဆရာများကိုယ်တိုင် ကြီးကြပ်လျက် -

၁။ **Basic Safety Training Course (BST)**

၂။ **Pre-sea Course (Deck)**

တို့ကို စတင်ဖွင့်လှစ်နေပြီဖြစ်သဖြင့် စာရင်းပေးသွင်းနိုင်ပါသည်။ သင်တန်းသားဦးရေ အကန့်အသတ်ရှိပါသဖြင့် လျင်မြန်စွာ စာရင်းပေးသွင်းနိုင်ပါသည်။ သင်္ဘောသား သင်တန်းဆင်း ပြီးပါက အလုပ်အကိုင်ရရှိရေးအတွက် ကူညီဆောင်ရွက် ပေးမည်။

ဆက်သွယ်ရန်လိပ်စာ

သာကေတမြို့နယ်၊ ရှခင်းသာလမ်းမကြီး၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောဆိပ်ကမ်းဝင်းအတွင်းရှိ

HTET OO MARITIME TRAINING INSTITUTE

Ph/Fax : 01-544562, Ph: 09 421154222, Email : htetoo.maritime@gmail.com

အရင်းအနှီးအနည်းငယ်ဖြင့် ကိုယ်ပိုင်လုပ်ငန်း

အောက်ပါဆပ်ပြာလုပ်နည်းများကို စာတွေ့လက်တွေ့ တစ်ပတ်အတွင်း လုံးဝတတ်မြောက်၍ လုပ်ငန်းရှင်အဖြစ် ကိုယ်တိုင်လုပ်နိုင်သည်အထိ တာဝန်ယူ သင်ပေးပါသည်။ လျှပ်စစ်မီးမလို၊ စက်ကိရိယာများမလိုဘဲ မည်သည့်ဒေသတွင်မဆို နေရာကျဉ်းကျဉ်း၌ စိရိုးမီးအရည်အသွေးဖြင့် ထုတ်လုပ်နိုင်ပြီး လက်စနစ် (HAND-MADE) ဖြစ်ပါသည်။ သင်ကြားမှုများ (I.C.I ENGLAND) (MANUFACTURE OF SOAP 1941 CALCUTTA) "THE SCIENCE OF COSMETICS " (LONDON) နည်းများကို တိုက်ရိုက်သင်ကြားခြင်း ဖြစ်ပါသည်။ ပစ္စည်းအရည်အသွေး နှင့် သင်ကြားမှုများကို လာရောက် လေ့လာနိုင်ပါသည်။ နယ်မှ အစမဲ့တည်းခိုနိုင်ပါသည်။ တစ်ချိန် (၅)ဦးသာသင်ပါသည်။

(က) မျက်နှာပြုပြင်ခြင်းဆိုင်ရာ	(ခ) လျှော်ဖွပ်ခြင်းဆိုင်ရာ	(ဂ) အထွေထွေ	(ဃ) အလှကုန်များ
၁။ အလင်းပေါက်ဆပ်ပြာ ၂။ ရှားစောင်းဆပ်ပြာ ၃။ မုန်လာဥနီဆပ်ပြာ ၄။ ဆိတ်နို့လင်းဗီးဆပ်ပြာ ၅။ ရဲယိုဆပ်ပြာ ၆။ ဆနွင်းတက်ဆပ်ပြာ ၇။ လက်ဖက် ဆပ်ပြာ ၈။ သနပ်ခါးဆပ်ပြာ	၁။ ကိုယ်တိုက်ဆပ်ပြာ ၂။ အဝတ်လျှော် (၃)မျိုး ၃။ ဆားငံရေသုံးဆပ်ပြာ ၄။ နှစ်မျိုးသုံးဆပ်ပြာ ၅။ ဆပ်ပြာအဆီ ၆။ ဆပ်ပြာရေစိမ်	၁။ ကိုယ်တိုက်ဆပ်ပြာဆီ ၂။ မှန်ကြည်ဆေးရည် ၃။ သစ်သီးများဖြင့်လုပ်သော ခေါင်းလျှော်ရည် ၄။ ပုံမှန်/ခြောက်သွေ့/ဗေးထိုင်း ဆံပင်ပြုပြင်ခေါင်းလျှော်ရည် ၅။ ပေါင်းဆေး ၆။ ကိုယ်စိတ်ပြုပြင်ဆပ်ပြာ	၁။ ခေါင်းလိမ်းဆီ ၂။ မိတ်ကပ်ရည် ၃။ အသားအရေ အာဖြည့်တော်နှစ် ၄။ အောက်ခံရေမိ ၅။ ဆံပင်ပုံသွင်းဆီ ၆။ မျက်နှာကြေးချွတ် ပေါင်းတင်ဆေး

SOAP VILLA YOU ARE WELCOME

(၂၀၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဂွာအရပ်ကွက်၊ အလုံ၊ ရန်ကုန်မြို့၊ (ဆင်မင်းဈေးမှတ်တိုင်ဆင်း၍ဆင်မင်းလမ်းအတိုင်းဝင်ပါ)

ဖုန်းနံပါတ် - 09421094829, 0943188440

သင်ကြားရက်နှင့်အချိန် - လစဉ် (၁)ရက်မှ(၇)ရက် / (၈)ရက်မှ(၁၄)ရက် / (၁၅)ရက်မှ(၂၁)ရက် / (၂၂)ရက်မှ(၂၈)ရက်၊ နံနက် - ၉ မှ ၁၂ / နေ့လည် - ၁ မှ ၄/ညနေ - ၅မှနောက်

မြန်မာနိုင်ငံပုဂ္ဂလိက ဆေးရုံများအသင်း

"ဆေးရုံစီမံခန့်ခွဲမှုသင်တန်း"

အထက်မြန်မာပြည်

Myanmar Private Hospitals' Association

မြန်မာနိုင်ငံပုဂ္ဂလိက ဆေးရုံများအသင်းနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း၊ ဆေးရုံအုပ်ချုပ်မှုပညာအဖွဲ့တို့ ပူးပေါင်း၍ အထက်မြန်မာပြည်ပုဂ္ဂလိက ဆေးရုံများအတွက် **"ဆေးရုံစီမံခန့်ခွဲမှုသင်တန်း"**ကို မန္တလေးမြို့တွင် အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် သင်တန်းတက်ရောက်ရန် စိတ်ပါဝင်စားသူများစာရင်းပေးသွင်းကြပါရန်လေးစားစွာအသိပေးအကြောင်းကြားအပ်ပါသည်။

နေ့ရက် ။	။	၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီ (၂၃)ရက်မှ (၂၆)ရက်နေ့
နေရာ ။	။	မြန်မာနိုင်ငံဆရာဝန်များအသင်း၊ မန္တလေးမြို့။
ဆက်သွယ်ရန်	။	ဒေါက်တာမြတ်ကျော် (ဖုန်း) ၀၉-၅၂၄၀၂၇၃၊ ၀၂-၇၇၈၆၀၊ ၇၇၈၆၁၊ ၇၇၈၆၂ Email-aungmyatkyawcity@gmail.com
မှတ်ချက်	။	၂၀၁၃ခုနှစ်၊ဖေဖော်ဝါရီလ (၁၈)ရက်၊ တနင်္လာနေ့ နောက်ဆုံးထား၍ပေးပို့ပါရန်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊

မြန်မာနိုင်ငံပုဂ္ဂလိက ဆေးရုံများအသင်း

ဦးဇော်မြင့် B.A (Korean) Y.U.F.L

ကိုယ်တိုင်ဦးစီးသင်ကြားသော

"ကိုရီးယားဘာသာ"

အထူးသီးသန့်သင်တန်းကျောင်း

မေလကျောင်း E.P.S TOPIK ဖြေဆိုမည့်သူများအတွက်(Special) တန်းခွဲသစ်များဖွင့်လှစ်ပါမည်။ လူဦးရေကန့်သတ် လက်ခံမည်ဖြစ်ပါသဖြင့် အမြန်ဆုံးစာရင်းပေးသွင်းနိုင်ပါပြီ။

(အလုပ်ချိန်ပြင်ပ သင်တန်းများလည်းဖွင့်လှစ်ပါမည်။)

အမှတ်(၆၈)၊အခန်း(A4)၊ ၄လွှာ၊ (၂)ရပ်ကွက်၊

ရန်ကုန်-အင်းစိန်လမ်းမ၊ စံရိပ်ငြိမ်မှတ်တိုင်ရှေ့၊

ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉ ၅၁၀၁၁၂၅၊ ၀၉ ၅၁၇၈၇၀၅၊၀၉-၄၃၀၉၇၅၁၇

အခန်းဆက်ဝတ္ထု

ဂနိုင်ကြော့



ရွာလယ်လမ်းမကြီးဆီသို့ မြောက်ဘက်ပိုင်းရွာဝက တတီတီတတာတာနှင့် မှုတ်၍လာအပ်သော ပလွေသံကလေးသည်ကား တိမ်ခြေမြူနှင်း ကင်းရှင်းကြည်လင်သော အထက်ကောင်းကင်ဝလာပြင်က ဝင်းထိန်တောက်ပစွာ ကျဆင်းနေဘိသော လရောင်ကလေးနှင့် သင့်တင့်လိုက်လျောလှပေ၏။

ချင်းတောင်များအကြား ထိုးဖောက်၍ သွားရောက်ခဲယဉ်းလျက် သစ်၊ ကျား၊ မြွေငန်း၊ တောသားတိရစ္ဆာန်သစ်ကြီးဝါးကြီးတို့ ပိတ်ဆို့ဝန်းရံလျက်ရှိသော မြေညီတစ်ခုတွင်ရှိသော ဖားကျောက်အင်းရွာကလေးတွင် ယင်းကဲ့သို့သော အချိန်များ၌ အလွန်မွေ့လျော် ပျော်ဖွယ်ရာကောင်းပေ၏။ ထိုည ရွာဝက ပလွေသံကလေးလာသော အချိန်သည်ကား သန်းခေါင်ယံအခါဖြစ်သဖြင့် ရွာသားတို့သည် များသောအားဖြင့် အိပ်ရာဝင်ကြပြီဖြစ်သောကြောင့် ရွာကလေးမှာ ငြိမ်သက်နေသည့်အပြင် ဂိမှာန်ခေတ်ကူး နှစ်ဦးမာသတန်ခူးရာသီ လေရူးချိသောအချိန်ဖြစ်သဖြင့် တောင်ကတစ်သုတ်၊ မြောက်ကတစ်သွယ်၊ ဝဲတစ်ခါ ညာတစ်လှည့် တိုက်ခတ်ဆော်သွင်း၊ လေညင်းကလေးလာလိုက်သောအခါ ရွက်နု ပုရစ်ဖူးတက်စ၊ ပင်ပျိုကလေးများမှာ လရောင်၏ ကြည်လင်ရွှန်းပသော အလင်းအောက်တွင် တစ်ပင်နှင့် တစ်ပင်တိမ်းနွဲ့၍ ယိမ်းပွဲကကြသကဲ့သို့ တနွဲ့နွဲ့တအိအိနှင့် နေကြသည်များမှာကား အထူးလှပတင့်တယ်ပေ၏။

ရွာဝကဖြည်းညင်းစွာ မှုတ်၍လာအပ်သော ပလွေသမား၊ ကာလသားလူပျို၊ မောင်ဘချိုသည် ယခုညကား တောင်ပိုင်းက ရည်းစားဆယ်အိမ်ခေါင်းသမီး မယ်ထားနှင့် ချိန်းဆိုထားချက်ရှိရာ အချိန်ကိုလင့်သဖြင့် အလယ်ပိုင်းမှ ညဦးယံကပင် မြောက်ပိုင်းသို့ကူး၍ ထိုအိမ်မှ ဤအိမ်၊ ဤအိမ်မှ ထိုအိမ်စသည်ဖြင့် စကားထိုင်၍ ပြောနေခဲ့ရာ အိမ်သာစေ့၍ အချိန်မကုန် လလည်း မဝင်သေးသောကြောင့် အလယ်ပိုင်းသို့ပြန်၍ လှည့်လာခဲ့ခြင်းဖြစ်ပေ၏။ ဘာသာဘာဝ တောလေ့တောထအတိုင်း သမီးရည်းစားထားကြရာ၌ ဤကဲ့သို့ မိဘမောင်ဖား မသိကြားအောင် အပျိုအိမ်သို့ တိတ်တဆိတ်တက်၍ စကားပြောရသည်များကား အလွန်ပျော်ဖို့ ကောင်းပေ၏။ မောင်ဘချိုကား မယ်ထားနှင့်ချိန်းသည်မှာ ပထမနှစ်ကြိမ်ရှိပြီဖြစ်သော်လည်း ပထမအချိန်တွင် အမေကြီးမအိပ်နိုင်၍ ဒုတိယအကြိမ်တွင် အဖေကြီး ချောင်းဆိုးနေသဖြင့် တစ်ညလုံးလုံး ခြံစောင့်ရင်း ငှက်ပျောပင်ကြားသို့ တိုး၍ ခြင်ဆိုး၊ မှက်ဆိုးတို့၏ အကိုက်အခဲကို ခံခဲ့ရသော်လည်း မိုးလင်း၍သာ ပြန်ခဲ့ရသည်။ တွေ့ခဲ့ရသည်မရှိဖြစ်ပေ၏။

ဤတတိယအကြိမ်၌မူကား နတ်များ မရှုစိတ်၍ မစလေရော့သလားမသိ။ အဖေကြီးလည်းမရှိ၊ အမေကြီးလည်း ဖျား၍ လဲနေ၊ မောင်တစ်ယောက်မှာ တောလည်လိုက်သွားသဖြင့် အချောင်ကြီးချောင်လျက် ဦးကြီးတစ်ယောက် အိမ်ကိုစောင့်၍ အိပ်သော်လည်း ဦးကြီးမှုလောက်ကား ဂရုမစိုက်သဖြင့် မယ်ထားက ည လဝင်၍မှောင်လျှင် အိမ်နောက်ဖေး နွားတင်းကုပ်က တက်ခဲ့ပါဟု မှာထားသည့်အပြင် ညနေက မယောင်မလည် လျှောက်သွားရာ မယ်ထားသည် သနပ်ခါး ခြေဆုံးခေါင်းဆုံးလိမ်းလျက် ဆံထုံးတွင် ပန်းပွင့်ကလေးကို စိုက်ကာ အိမ်ရှေ့ကြမ်းပြင်တွင် ထွက်၍ ဆန်ဆေးနေသည်ကို တွေ့ရသဖြင့် ယနေ့ညမှာ ယနေ့ညကား ရာဇဝင်တွင် စာတင်သင့်သောညကြီးပေတကားဟု များများကြီး ဝမ်းမြောက်ကာ စိတ်ထဲ၌ ရွှင်သာ၍နေသဖြင့် ပလွေမှုတ်သည်ပင် အခါတိုင်းနှင့်မတူ လေယူလေသိမ်းအဖွင့်အပိတ် အထက်သံ၊ အောက်သံ ထွက်လိုက်တိုင်း ဟန်လှသောကြောင့် ပင့်ကူမှေးကလေးကပင် အခါတိုင်းထက်သာ၍ ကောင်းသလိုလို ထင်ရပေ၏။

ထို့ကြောင့် ပလွေကလေးကို နှုတ်ခမ်းဖျားတွင် တင်လျက် ရွာလည်လမ်းရိုးက ခပ်တိုးတိုးနှင့် ယဉ်ယဉ်ကလေးမှုတ်၍လာခဲ့ရာ အိမ်တစ်အိမ်ရှေ့သို့ ရောက်သောအခါ အိမ်ရှေ့တုံးတင်ပေါ်တွင် ထိုင်၍ တိုင်ကိုမှီကာ ဖိုးလမင်းကြီးအား ကြည့်နေသူ မောင်သာအေးက "ဟေ့. . . ဘချို ပလွေကလေးသာသာနဲ့ ဘယ်သွားမလို့ လဲကွဲ့"ဟု ဆီးမေးလိုက်ရာ မောင်ဘချိုက ပလွေကလေးကိုရပ်လျက် "အောင်မာ. . . သာအေးပါကလား၊ အန္နိ မင်းနေ့လယ်က တောလည်လိုက်သွားတယ်ဆို"

"သွားမလို့ပဲ၊ အလုပ်ကလေးရှိနေလို့ မလိုက်ရဘူးကွ၊ ဒါထက် ဒီကနေ့ တစ်နေ့လုံး တို့ကြက်ဖကြီးတယ်ပြီး လည်ဆံပွနေလိုက်ပါကလား။ ဘာများအကော်တွေ့နေပြန်ပလဲ"ဟု မေးလိုက်ရာ မောင်ဘချိုက အနီးသို့လာလျက် ထိုင်ကာ "နေပါကွာ မင်းက. . . ကြားကုန်ပါ့မယ်။ ငါ ဒီကနေ့ ချိန်းထားတယ်ကွ"

"ဟေ့. . . ဘယ်သူကလဲ"

"မယ်ထားပေါ့ကွာ"

